မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၂၂ ] ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၂ ရက် ( ၂၀၁၄ ခုနှစ်၊ မေလ ၃၀ ရက် ) } သောကြာနေ့ [ အတွဲ ၆၇

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၃၄/၂၀၁၄**

၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်

( ၂၀၁၄ ခုနှစ်၊ မေလ ၈ ရက် )

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို မွမ်းမံပြင်ဆင်ရန်နှင့် အဆင့်မြှင့်တင်နိုင်ရန်အတွက် ပြည်သူ့လွှတ်တော်က "ရန်ကုန်ပြည်သူ့ဆေးရုံကြီးပြုပြင်မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေးကော်မတီ" ကို ဖွဲ့စည်းပေးခဲ့ပြီး ပြည်ပနိုင်ငံများ၏ အကူအညီအထောက်အပံ့ရရှိရေး စောင့်ဆိုင်းလျက်ရှိပါသည်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသည် မြန်မာတစ်နိုင်ငံလုံးမှ ပြည်သူများ အားကိုးအားထားပြုနေရသည့် ဆေးရုံကြီးဖြစ်ပြီး ယခုအခါ ဆေးရုံသက်တမ်းနှစ်ပေါင်း (၁၀၀) ကျော်လာပြီဖြစ်၍ အချို့အဆောက်အဦများမှာ ပြိုကျပျက်စီးနိုင်ပြီး အန္တရာယ်ရှိသည့်အဆင့်သို့ ရောက်ရှိနေပြီဖြစ်သဖြင့် အလျင်အမြန်ပြုပြင်မွမ်းမံရန် လိုအပ်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ချက်ချင်းအလျင်အမြန် ပြုပြင်မွမ်းမံရမည့် အဆောက်အဦများအား နိုင်ငံတော်ဘဏ္ဍာငွေဖြင့် အချိန်မီဆောင်ရွက်နိုင်ရန်အတွက် **"ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (က) | ဒုတိယသမ္မတ (၁) | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>သမ္မတရုံးဝန်ကြီးဌာန (၃) | အဖွဲ့ဝင် |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>သမ္မတရုံးဝန်ကြီးဌာန (၅) | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>သမ္မတရုံးဝန်ကြီးဌာန (၆) | အဖွဲ့ဝင် |

(င) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(စ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ဘဏ္ဍာရေးဝန်ကြီးဌာန

(ဆ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဇ) ဝန်ကြီးချုပ် အဖွဲ့ဝင်
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

(ဈ) ပြည်ထောင်စုဝန်ကြီး အတွင်းရေးမှူး
ကျန်းမာရေးဝန်ကြီးဌာန

၂။ ကော်မတီသည် လိုအပ်သည့် ဆပ်ကော်မတီများကို ဖွဲ့စည်းဆောင်ရွက်သွားရန်နှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများကို နိုင်ငံတော်ဘဏ္ဍာငွေဖြင့်လည်းကောင်း၊ ပြည်တွင်းပြည်ပ စေတနာရှင်အဖွဲ့အစည်းများ၏ အလှူငွေများဖြင့်လည်းကောင်း အမြန်အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ဖြစ်ပါသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်

( ၂၀၁၄ ခုနှစ်၊ မေလ ၁ ရက် )

**အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုညှိနှိုင်းရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးမဟာဗျူဟာလုပ်ငန်းစဉ် ၄ ရပ်ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် ပြုပြင်ပြောင်းလဲရေးဦးဆောင်ကော်မတီ (Reform Steering Committee) ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ဖြစ်ပါသည်။

၂။ လက်ရှိအချိန်တွင် နိုင်ငံတော်၏ တတိယအဆင့် ပြုပြင်ပြောင်းလဲရေးဖြစ်သော အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန်အတွက် **"အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုညှိနှိုင်းရေးကော်မတီ"** (Administrative Reform Coordination Committee) ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်ပါသည် -

(က) ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ
သမ္မတရုံးဝန်ကြီးဌာန (၆)

(ခ) ဒုတိယဝန်ကြီး ဒုတိယဥက္ကဋ္ဌ
ပြည်ထဲရေးဝန်ကြီးဌာန

(ဂ) အဖွဲ့ဝင် — ဒုတိယဥက္ကဋ္ဌ
ပြည်ထောင်စုရာထူးဝန်အဖွဲ့

(ဃ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(င) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ကျန်းမာရေးဝန်ကြီးဌာန

(စ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ဘဏ္ဍာရေးဝန်ကြီးဌာန

(ဆ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

(ဇ) ဒုတိယရှေ့နေချုပ် — အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဈ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များမှ — အဖွဲ့ဝင်
သက်ဆိုင်ရာဝန်ကြီးများ

(ည) ဒေါက်တာအောင်ထွန်းသက် — အဖွဲ့ဝင်
နိုင်ငံတော်သမ္မတအကြံပေး

(ဋ) ဒေါက်တာဇော်ဦး — အဖွဲ့ဝင်
နိုင်ငံတော်သမ္မတအကြံပေး

(ဌ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(ဍ) ဒုတိယညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
သမ္မတရုံးဝန်ကြီးဌာန (၆)

၃။ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုညှိနှိုင်းရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ရှိသည့် သန့်ရှင်းသောအစိုးရဖြစ်ရေး၊ ပြည်သူတို့၏လူမှုစီးပွားရေး လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်သည့် ပြည်သူ့ဝန်ဆောင်သော အုပ်ချုပ်ရေးအဖွဲ့အစည်းများ ဖြစ်ပေါ်စေရန် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) ပြည်သူ့ဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ရေး (Civil Service Capacity Building) ကို တိကျစွာ ဆောင်ရွက်နိုင်ရေးအတွက် ပြည်သူ့ဝန်ထမ်းများ၏ အရည်အသွေးသတ်မှတ်ချက်မူဘောင် (Civil Service Competency Framework) ကို ပြဋ္ဌာန်းခြင်း၊

(ဂ) ဗဟိုဦးစီးစနစ်ကို လျှော့ချရန် (Decentralization) နှင့် ပြည်သူ့ဝန်ထမ်းများ၏ အောက်ခြေမှ အထက်သို့ တာဝန်ခံတင်ပြသည့်စနစ် (Bottom Up Approach) ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဃ) ရုံးလုပ်ငန်းဆိုင်ရာ မလိုအပ်သောအဆင့်များကို ဖော်ထုတ်ဖြေလျှော့ရန် ဆောင်ရွက်ခြင်း၊

(င) အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲရေးနှင့်ပတ်သက်သည့် နိုင်ငံတော်က ချမှတ်သော မူဝါဒများအပေါ် လုပ်ငန်းစီမံချက်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(စ) အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းကော်မတီက တင်ပြလာသော ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ကိစ္စရပ်များကို အဆုံးအဖြတ်ပေးခြင်း၊

(ဆ) အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲရေး အကောင်အထည်ဖော်မှုကို ကွပ်ကဲကြီးကြပ်ခြင်း။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်

( ၂၀၁၄ ခုနှစ်၊ မေလ ၁ ရက် )

**အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းအဖွဲ့နှင့် အတွင်းရေးမှူးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးမဟာဗျူဟာလုပ်ငန်းစဉ် ၄ ရပ်ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် ပြုပြင်ပြောင်းလဲရေးဦးဆောင်ကော်မတီ (Reform Steering Committee) ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ဖြစ်ပါသည်။

၂။ လက်ရှိအချိန်တွင် နိုင်ငံတော်၏ တတိယအဆင့် ပြုပြင်ပြောင်းလဲရေးဖြစ်သော အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် **အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းအဖွဲ့ (Administrative Reform Process Sector Working Group) နှင့် အတွင်းရေးမှူးအဖွဲ့ (Secretariat)** ကိုအောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်ပါသည် -

(က) **အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းအဖွဲ့ (Administrative Reform Process Sector Working Group)**

| | | |
|---|---|---|
| (၁) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>သမ္မတရုံးဝန်ကြီးဌာန (၆) | အဖွဲ့ဝင် |
| (၄) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်း၊ စိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၇) | ညွှန်ကြားရေးမှူး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | အဖွဲ့ဝင် |
| (၈) | ညွှန်ကြားရေးမှူး<br>အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ညွှန်ကြားရေးမှူး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ညွှန်ကြားရေးမှူး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | ညွှန်ကြားရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အတွင်းရေးမှူး |
| (၁၂) | ညွှန်ကြားရေးမှူး<br>MDRI-CESD | တွဲဖက်အတွင်းရေးမှူး |

( ခ ) **အတွင်းရေးမှူးအဖွဲ့ (Secretariat)**

| | | |
|---|---|---|
| (၁) | ညွှန်ကြားရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အတွင်းရေးမှူး |
| (၂) | ညွှန်ကြားရေးမှူး<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | တွဲဖက်အတွင်းရေးမှူး (၁) |
| (၃) | ညွှန်ကြားရေးမှူး<br>MDRI-CESD | တွဲဖက်အတွင်းရေးမှူး (၂) |
| (၄) | ဒုတိယညွှန်ကြားရေးမှူး<br>သမ္မတရုံးဝန်ကြီးဌာန (၆) | အဖွဲ့ဝင် |
| (၅) | ကိုယ်စားလှယ်တစ်ဦး<br>Donor Partners (Bilateral) | အဖွဲ့ဝင် |
| (၆) | ကိုယ်စားလှယ်တစ်ဦး<br>Donor Partners (Multilateral) | အဖွဲ့ဝင် |

၃။ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲရေးဆိုင်ရာ အဓိကကိစ္စရပ်များနှင့်ပတ်သက်ပြီး မဟာဗျူဟာများ၊ ကာလတို၊ ကာလလတ်၊ ကာလရှည်လုပ်ငန်းများအဖြစ် ခွဲခြားပြီး ဦးစားပေးအစီအစဉ်များကို အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုညှိနှိုင်းရေးကော်မတီသို့ အဆိုပြုတင်ပြခြင်း၊

( ခ ) အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲရေးမူဝါဒများနှင့် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုညှိနှိုင်းရေးကော်မတီ၏ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

( ဂ ) နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှုမိတ်ဖက်အဖွဲ့များက အကြံပြုတင်ပြလာသော အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲရေးအဆိုပြုချက်များကို အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုညှိနှိုင်းရေးကော်မတီသို့ တင်ပြ၍ လမ်းညွှန်ချက်ရယူဆောင်ရွက်ခြင်း၊

(ဃ) လုပ်ငန်းကဏ္ဍအလိုက် သိသာထင်ရှားသော အကျိုးရလဒ်ရရှိနိုင်သော လုပ်ငန်းများကို သတ်မှတ်ဖော်ထုတ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(င) အတားအဆီးအခက်အခဲဖြစ်နေသည့် ပြဿနာကိစ္စရပ်များ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းကြောင့် အခက်အခဲအဟန့်အတားဖြစ်နေမှုအပေါ် ပြင်ဆင်ပေးရန် လိုအပ်သည့်အချက်များနှင့် အခြားကဏ္ဍများ၏ လုပ်ငန်းအဖွဲ့၊ ဌာနများ တာဝန်ယူရသည့် လုပ်ငန်းကဏ္ဍအပေါ် ပြည်သူများ အမြင်ရှင်းအောင် ပွင့်လင်းမြင်သာဆောင်ရွက်သင့်သည့်အချက်များအား သက်ဆိုင်ရာကဏ္ဍများ၏ လုပ်ငန်းအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

၄။ အတွင်းရေးမှူးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းအဖွဲ့၏ လုပ်ငန်းများ အရှိန်အဟုန်မပျက် စဉ်ဆက်မပြတ်စေရေးအတွက် ထောက်ကူဆောင်ရွက်ပေးခြင်း၊

(ခ) နိုင်ငံတကာဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့များနှင့် ဆက်သွယ်ညှိနှိုင်းဆက်ဆံဆောင်ရွက်ခြင်း၊

(ဂ) အုပ်ချုပ်မှုပြုပြင်ပြောင်းလဲရေး ဆောင်ရွက်နေသောလုပ်ငန်းများကို ပါဝင်ပတ်သက်သူများနှင့် အများပြည်သူတို့ ပွင့်လင်းမြင်သာမှုရှိရှိ သိရှိနိုင်စေရန် လူထုဆက်ဆံရေး၊ မီဒီယာဆက်ဆံရေး လုပ်ငန်းများ လုပ်ဆောင်ခြင်း။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၄၆/၂၀၁၄)

၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်

( ၂၀၁၄ ခုနှစ်၊ မေလ ၆ ရက် )

### ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ပြောင်းလဲတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုလွှတ်တော်သည် လွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည့် ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ လွှတ်တော်အစည်းအဝေး၌ ဆွေးနွေးခြင်းမပြုမီ အသေးစိတ်လေ့လာစိစစ်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်၏ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၂/၂၀၁၃) ဖြင့် ဖွဲ့စည်းထားသည့် ဥပဒေကြမ်းပူးပေါင်းကော်မတီတွင် ဦးဆွန်ဒုတ်ကျင့်၊ ချင်းပြည်နယ်၊ မဲဆန္ဒနယ် အမှတ် (၆)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် **အစား** ဦးအောင်ချိုဦး၊ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ် (၁၁)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အား အဖွဲ့ဝင်အဖြစ် ပြောင်းလဲတာဝန်ပေးအပ်လိုက်သည်။

(ပုံ) သူရရွှေမန်း
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၇/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်

( ၂၀၁၄ ခုနှစ်၊ မေလ ၆ ရက် )

**ယှဉ်ပြိုင်မှုဥပဒေကြမ်းကို ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့သော ယှဉ်ပြိုင်မှုဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**စတုတ္ထမူကြမ်း (၂၄-၆-၂၀၁၃)**

**ယှဉ်ပြိုင်မှုဥပဒေ (မူကြမ်း)**

**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်  ။ )**

၁၃၇၅ ခုနှစ်၊  လ  ရက်

( ၂၀၁၄ ခုနှစ်၊  လ  ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို ယှဉ်ပြိုင်မှုဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်ရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ကော်မရှင်**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်ကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(င) **ယှဉ်ပြိုင်မှု**ဆိုသည်မှာ စီးပွားရေးလုပ်ငန်းများတွင် တရားသဖြင့် ယှဉ်ပြိုင်ဆောင်ရွက်စေခြင်းနှင့် ဈေးကွက်အတွင်း တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ လက်ဝါးကြီးအုပ်ဆောင်ရွက်မှု

သို့မဟုတ် ဈေးကစားမှုကြောင့် အများပြည်သူတို့၏ အကျိုးစီးပွားထိခိုက်နစ်နာခြင်းမှ တားဆီးကာကွယ်စေခြင်းဖြင့် မျှတသော ယှဉ်ပြိုင်မှုဝန်းကျင်တစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်လာစေရန် ဆောင်ရွက်ခြင်းကို ဆိုသည်။

(စ) **ယှဉ်ပြိုင်မှုမူဝါဒ**ဆိုသည်မှာ ဈေးကွက်အတွင်း မျှတသော ယှဉ်ပြိုင်မှုတစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်စေရေးနှင့် စားသုံးသူများကို လက်ဝါးကြီးအုပ်ဆောင်ရွက်မှုမှ တားဆီးကာကွယ်နိုင်ရေးတို့အတွက် ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းများအပေါ် တိုက်ရိုက်အကျိုးသက်ရောက်စေရန် နိုင်ငံတော်က ချမှတ်လုပ်ဆောင်သောမူဝါဒများကို ဆိုသည်။

(ဆ) **ယှဉ်ပြိုင်မှုကို ထိန်းချုပ်သောဆောင်ရွက်ချက်**ဆိုသည်မှာ ဈေးကွက်အတွင်းရှိ စီးပွားရေးလုပ်ငန်းများ၏ ယှဉ်ပြိုင်မှုကို လျော့နည်းစေရန် သို့မဟုတ် အတားအဆီးဖြစ်စေရန် လုပ်ဆောင်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ယှဉ်ပြိုင်မှုကို ထိန်းချုပ်သည့် သဘောတူညီချက်များ၊ ဈေးကွက်အတွင်းရှိ လွှမ်းမိုးထားသည့် အခြေအနေအပေါ် အခွင့်အရေးယူ၍ အလွဲသုံးစားမှုပြုခြင်းနှင့် တစ်ဦးတည်း လက်ဝါးကြီးအုပ်ဆောင်ရွက်ခြင်းတို့ ပါဝင်သည်။

(ဇ) **မျှတမှုမရှိသောယှဉ်ပြိုင်မှုဆိုင်ရာဆောင်ရွက်ချက်**ဆိုသည်မှာ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရာတွင် နိုင်ငံတော်၏အကျိုးစီးပွားကိုဖြစ်စေ၊ အခြားစီးပွားရေးလုပ်ငန်း သို့မဟုတ် စားသုံးသူတို့၏ တရားဝင်ရထိုက်သော အခွင့်အရေးများနှင့် အကျိုးစီးပွားများကိုဖြစ်စေ ထိခိုက်စေသော သို့မဟုတ် ထိခိုက်စေနိုင်သော ယှဉ်ပြိုင်မှုဆိုင်ရာဆောင်ရွက်ချက်များကို ဆိုသည်။

(ဈ) **စီးပွားရေးလုပ်ငန်း**ဆိုသည်မှာ နိုင်ငံတော်၏ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ခွင့်ပြုထားသည့် စီးပွားရေးလုပ်ငန်းကို ဆိုသည်။

(ည) **ကုန်စည်**ဆိုသည်မှာ ကုန်သွယ်ခြင်း သို့မဟုတ် ထုတ်လုပ်ခြင်း သို့မဟုတ် စားသုံးခြင်းပြုသော ပစ္စည်းကို ဆိုသည်။

(ဋ) **ဝန်ဆောင်မှု**ဆိုသည်မှာ အခကြေးငွေ သို့မဟုတ် အဖိုးအခ သို့မဟုတ် အဖိုးစားနားဖြင့် ဆောင်ရွက်ပေးသော လုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် အစိုးရအဖွဲ့က ဝန်ဆောင်မှုဖြစ်သည်ဟု အခါအားလျော်စွာသတ်မှတ်သည့် လုပ်ငန်းများလည်း ပါဝင်သည်။

(ဌ) **စီးပွားရေးလုပ်ငန်းအဖွဲ့အစည်း**ဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ကုန်စည်ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ လဲလှယ်ခြင်း စသည့် လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်သော သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်သော ကုမ္ပဏီ၊ အစုစပ်လုပ်ငန်း၊ ဖက်စပ်လုပ်ငန်း၊ အသင်း သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(ဍ) **စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ**ဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ကုန်စည်ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ လဲလှယ်ခြင်း စသည့် လုပ်ငန်းတစ်ရပ်ရပ် သို့မဟုတ် ဝန်ဆောင်မှုတစ်ရပ်ရပ်ကို လုပ်ကိုင်သောပုဂ္ဂိုလ်ကို ဆိုသည်။ ယင်းစကားရပ်တွင် စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းလည်း ပါဝင်သည်။

(ဎ) **ဈေးကွက်**ဆိုသည်မှာ ကုန်စည်နှင့် ဝန်ဆောင်မှုများအား ရောင်းလိုသူနှင့် ဝယ်လိုသူတို့အကြား ရောင်းဝယ်ဖောက်ကားမှုပြုလုပ်သောနေရာဝန်းကျင်ကို ဆိုသည်။

(ဏ) **ဈေးကွက်ဝေစု**ဆိုသည်မှာ ဈေးကွက်၏ စုစုပေါင်းရောင်းချနိုင်သောပမာဏတွင် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူက ရောင်းချသော သို့မဟုတ် ဝန်ဆောင်မှုပေးသော ရာခိုင်နှုန်း သို့မဟုတ် အချိုးအစားကို ဆိုသည်။

(တ) **ဈေးနှုန်း**ဆိုသည်မှာ ကုန်စည်ရောင်းချမှု သို့မဟုတ် ဝန်ဆောင်မှုပြုရာတွင် သတ်မှတ်သောတန်ဖိုးကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေသည် အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်းများတွင် တရားသဖြင့် ယှဉ်ပြိုင်ခြင်းကို ပျက်ပြားစေရန် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ လက်ဝါးကြီးအုပ်ဆောင်ရွက်မှု သို့မဟုတ် ဈေးကစားမှုပြုခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ တားဆီးကာကွယ်ရန်၊ ပြည်တွင်း၊ ပြည်ပကုန်သွယ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အပေါ်တွင် မျှတမှုမရှိသော ပြိုင်ဆိုင်မှုကို ထိန်းချုပ်နိုင်စေရန်၊ ဈေးကွက်အပေါ် ထိန်းချုပ်နိုင်စွမ်းအား အလွဲသုံးစားပြုခြင်းမှ တားဆီးနိုင်ရန်၊ စီးပွားရေးလုပ်ငန်းများ ပေါင်းစည်းခြင်း၊ ဝယ်ယူခြင်းတို့အား ဥပဒေနှင့်အညီ ခွင့်ပြုနိုင်ရန်နှင့် စီးပွားရေးလုပ်ငန်းများအကြား ကန့်သတ်ထားရှိသော သဘောတူညီချက်နှင့် အစီအမံများအား ဖယ်ရှား ထိန်းချုပ်နိုင်ရန် ရည်ရွယ်သည်။

## အခန်း (၃)
## အခြေခံမူများ

၄။ ယှဉ်ပြိုင်မှုဆိုင်ရာအခြေခံမူများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဈေးကွက်တွင် လွတ်လပ်၍ မျှတသော ယှဉ်ပြိုင်မှုဆိုင်ရာဝန်းကျင်တစ်ရပ် ဖွံ့ဖြိုးတိုးတက်လာစေရေး၊

(ခ) ဈေးကွက်တွင် မျှတသောယှဉ်ပြိုင်မှုကို အားပေးကူညီခြင်းဖြင့် တစ်ပြေးညီတိုးတက်လာစေရေးနှင့် သာတူညီမျှခံစားခွင့်ရရှိစေရေး၊

(ဂ) ဈေးကစားမှုပြုခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ ကာကွယ်စောင့်ရှောက်ပေးနိုင်ရေး၊

(ဃ) မျှတသောယှဉ်ပြိုင်မှုကို ဖြစ်ထွန်းစေခြင်းဖြင့် စီးပွားရေးတိုးတက်သည့် အသိုက်အဝန်းအဖြစ် ရောက်ရှိစေရေး၊

(င) လုပ်ငန်းနယ်ပယ်အသီးသီးတွင် လွတ်လပ်၍ မျှတသောယှဉ်ပြိုင်မှု ဖြစ်ထွန်းပေါ်ပေါက်စေရေး၊

(စ) အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နိုင်ငံအချင်းချင်းဆိုင်ရာကုန်စည်များ၊ ဝန်ဆောင်မှုများ၊ ရင်းနှီးမြှုပ်နှံမှုများ၊ ကျွမ်းကျင်လုပ်သားများ၊ ငွေကြေးစီးဝင်မှုများအတွက် လွတ်လပ်စွာလုပ်ကိုင်ဆောင်ရွက်နိုင်သော ဒေသတစ်ခုအဖြစ် ဖွဲ့စည်းဖြစ်ပေါ်လာစေရေးနှင့် ယှဉ်ပြိုင်မှုကွန်ရက်တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊

(ဆ) ဈေးကွက်အတွင်း ယှဉ်ပြိုင်မှုမူဝါဒများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊

(ဇ) ဈေးကွက်တွင် ရင်းနှီးမြှုပ်နှံသူ၊ တီထွင်သူနှင့် ထုတ်လုပ်သူတို့၏ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို ကာကွယ်ပေးခြင်းဖြင့် တီထွင်ကြံဆနိုင်သောစွမ်းရည်ကို အားပေးမြှင့်တင်ရေး။

## အခန်း (၄)
## ကော်မရှင် ဖွဲ့စည်းခြင်း

၅။ အစိုးရအဖွဲ့သည် -

(က) ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် သင့်လျော်သော ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်တစ်ဦးအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ပညာရှင်များ၊

သင့်လျော်သောပုဂ္ဂိုလ်များအား အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်စေလျက် မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်ကို ဖွဲ့စည်းရမည်။

(ခ) ကော်မရှင်ကို ဖွဲ့စည်းရာတွင် အဖွဲ့ဝင်များအနက်မှ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို သတ်မှတ်၍ တာဝန်ပေးအပ်ရမည်။

၆။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင်များသည် ဝန်ကြီးဌာနက ခွင့်ပြုသော လစာ၊ စရိတ်နှင့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၇။ ကော်မရှင်သည် လွတ်လပ်စွာ စီမံဆောင်ရွက်ပိုင်ခွင့်ရှိသည့် အဖွဲ့အစည်းအဖြစ် ရပ်တည်ဆောင်ရွက်နိုင်သည်။

## အခန်း (၅)
## ကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၈။ ကော်မရှင်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စီးပွားရေးလုပ်ငန်းအားလုံး သက်ဆိုင်ရာတည်ဆဲဥပဒေ၏ ခွင့်ပြုချက်ဘောင်အတွင်း၌ စီးပွားရေးလုပ်ငန်း အခွင့်အလမ်းများကို သာတူညီမျှခံစားခွင့်ရှိစေခြင်းနှင့် တန်းတူယှဉ်ပြိုင်လုပ်ကိုင်စေခြင်း၊

(ခ) လက်ဝါးကြီးအုပ် ချုပ်ကိုင်ရန်ရှိသည်ဟု မှတ်ယူနိုင်သည့် စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူတစ်ဦးဦး၏ ဈေးကွက်ဝေစုနှင့် အရောင်းမြှင့်တင်ခြင်းများကို ကန့်သတ်သည့် အမိန့်ကြော်ငြာစာများ ထုတ်ပြန်၍ တားမြစ်ခြင်း၊

(ဂ) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း သံသယရှိလျှင်သော်လည်းကောင်း၊ တိုင်ကြားချက်လက်ခံရရှိလျှင် ယင်းတိုင်ကြားချက်ကို စိစစ်၍သော်လည်းကောင်း စုံစမ်းစစ်ဆေး ဆောင်ရွက်ခြင်း၊

(ဃ) ဤဥပဒေအရ အရေးယူဆောင်ရွက်မှုများအပေါ် လိုအပ်သော အထောက်အထားများကိုဖြစ်စေ၊ ပစ္စည်းများကိုဖြစ်စေ စစ်ဆေးရေးအတွက် သိမ်းဆည်းရန် လိုအပ်ပါက စုံစမ်းစစ်ဆေးရေး ကော်မတီအား သတ်မှတ်ချက်နှင့်အညီ သိမ်းဆည်းရန် လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊

(င) စုံစမ်းစစ်ဆေးရေးကော်မတီက တင်ပြသော စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့်စပ်လျဉ်း၍ စိစစ်ခြင်းနှင့် လိုအပ်ပါက တရားစွဲဆိုရန် ညွှန်ကြားခြင်း၊

(စ) စီးပွားရေးလုပ်ငန်းတစ်ခု၏ ပိုင်ဆိုင်ခွင့်တစ်စိတ်တစ်ပိုင်း သို့မဟုတ် အားလုံးကို အခြားစီးပွားရေး လုပ်ငန်းတစ်ခုက ဝယ်ယူမှု (Acquisition) သို့မဟုတ် စီးပွားရေးလုပ်ငန်းများပေါင်းစည်းမှု (Merger) ကြောင့် မျှတသောယှဉ်ပြိုင်မှုအပေါ် ထိခိုက်နိုင်သည့် ဈေးကွက်ဝေစု၊ ရောင်းအား၊ ရင်းနှီးငွေပမာဏ၊ အစုရှယ်ယာအရေအတွက်နှင့် ပိုင်ဆိုင်သည့်ပစ္စည်းပမာဏတို့ကို သတ်မှတ်ခြင်း၊

(ဆ) စီးပွားရေးလုပ်ငန်းတစ်ခု သို့မဟုတ် စီးပွားရေးလုပ်ငန်းစုတစ်ခုသည် ဈေးကွက်အတွင်း ယှဉ်ပြိုင်မှုကို ထိခိုက်နိုင်သည်ဟု ကော်မရှင်က သတ်မှတ်ထားသော ဈေးကွက်ဝေစု ပိုင်ဆိုင်မှုပမာဏထက် ကျော်လွန်လျှင် သို့မဟုတ် ကျော်လွန်သည်ဟု ကော်မရှင်က ယူဆလျှင် ၎င်းစီးပွားရေးလုပ်ငန်း သို့မဟုတ် စီးပွားရေးလုပ်ငန်းစုတစ်ခု၏ ဈေးကွက်ဝေစုကို သတ်မှတ်ထားသည့် လုပ်ငန်းပမာဏသို့ လျှော့ချရန် ညွှန်ကြားခြင်း၊

(ဇ) စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် သို့မဟုတ် ယှဉ်ပြိုင်မှုကို ကန့်သတ်ရန် ခွင့်ပြုချက် ရရှိရေးအတွက် လျှောက်ထားရာတွင် လိုအပ်သည့်ပုံစံ၊ လုပ်ထုံးလုပ်နည်းနှင့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

(ဈ) ယှဉ်ပြိုင်မှုနှင့်စပ်လျဉ်းသည့် အချက်အလက်များ၊ ရှင်းလင်းချက်များ၊ အကြံပြုချက်များ သို့မဟုတ် ထင်မြင်ချက်များပေးရန် လိုအပ်သည့် ပညာရှင်များကို ဖိတ်ခေါ်ခြင်း၊

(ည) ယှဉ်ပြိုင်မှုနှင့်စပ်လျဉ်းသည့် လိုအပ်သော စုံစမ်းမေးမြန်းမှုများ ဆောင်ရွက်ရန် သက်သေများကို ဆင့်ခေါ်ခြင်း၊

(ဋ) ယှဉ်ပြိုင်မှုဆိုင်ရာစုံစမ်းစစ်ဆေးခြင်းကိစ္စရပ်များအတွက် အခွင့်အာဏာရအရာရှိများ ခန့်အပ်ခြင်းနှင့် ယင်းတို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ခြင်း၊

(ဌ) ယှဉ်ပြိုင်မှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့သို့ အကြံပြုတင်ပြခြင်း၊

(ဍ) ယှဉ်ပြိုင်မှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကို ဆောင်ရွက်ခြင်း။

၉။ ကော်မရှင်၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ယှဉ်ပြိုင်မှုဆိုင်ရာကိစ္စရပ်များကို အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့်ဖြစ်စေ၊ နိုင်ငံအချင်းချင်းဖြစ်စေ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊

(ခ) စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးဦးထံမှ ယှဉ်ပြိုင်မှုနှင့်စပ်လျဉ်း၍ လိုအပ်သည်ဟု ထင်မြင်သည့် အထောက်အထားများကိုဖြစ်စေ၊ အချက်အလက်များကိုဖြစ်စေ တောင်းဆိုနိုင်ခြင်း၊

(ဂ) ကိစ္စတစ်ရပ်ချင်းအလိုက် သတ်မှတ်ချက်နှင့်အညီ လိုအပ်သော အထောက်အထားများကိုဖြစ်စေ၊ ပစ္စည်းများကိုဖြစ်စေ စစ်ဆေးရေးအတွက် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်း၊ ယင်းအထောက်အထား သို့မဟုတ် ပစ္စည်းကို ခံဝန်ချုပ်ဖြင့် ပြန်လည်ပေးအပ်ထားရန် ခွင့်ပြုသည့်အမိန့် ချမှတ်ခြင်း သို့မဟုတ် ခွင့်ပြုချက်ကို ပြန်လည်ရုပ်သိမ်းခြင်း၊

(ဃ) လက်ဝါးကြီးအုပ်ဆောင်ရွက်သည်ဟု မှတ်ယူနိုင်သော ဈေးကွက်ဝေစု၊ ရောင်းအား၊ ရင်းနှီးငွေပမာဏ၊ အစုရှယ်ယာအရေအတွက်နှင့် ပိုင်ဆိုင်သည့်ပစ္စည်းပမာဏတို့ကို သတ်မှတ်ဆုံးဖြတ်နိုင်ခြင်း၊

(င) နိုင်ငံတော်၏ အကျိုးစီးပွားအတွက် လိုအပ်သော စီးပွားရေးလုပ်ငန်းများနှင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ဤဥပဒေအရ ကန့်သတ်ချက်များမှ လိုအပ်သလို ကင်းလွတ်ခွင့်ပြုနိုင်ခြင်း၊

(စ) ကော်မတီများနှင့် အဖွဲ့ငယ်များကို လိုအပ်သလိုဖွဲ့စည်းခြင်းနှင့် ယင်းတို့၏လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ဆ) ကော်မတီများနှင့်အဖွဲ့ငယ်များမှ တင်ပြလာသောကိစ္စရပ်များကို အဆုံးအဖြတ်ပေးခြင်း။

၁၀။ ကော်မရှင်သည် လုပ်ငန်းများ၏ ဆောင်ရွက်ပြီးစီးမှုနှင့် တိုးတက်ဖြစ်ပေါ်မှုအခြေအနေများကို အစိုးရအဖွဲ့သို့ သုံးလလျှင် တစ်ကြိမ် အစီရင်ခံတင်ပြရမည်။

၁၁။ ကော်မရှင်သည် လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာများကို အစိုးရအဖွဲ့သို့ အခါအားလျော်စွာ တင်ပြရမည်။

## အခန်း (၆)

## စုံစမ်းစစ်ဆေးရေးကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၂။ ကော်မရှင်သည် စုံစမ်းစစ်ဆေးရေးကော်မတီကို -

(က) ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင် အနည်းဆုံး ငါးဦးမှ အများဆုံး ကိုးဦးအထိဖြင့် ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရာတွင် အဖွဲ့ဝင်သည် စီးပွားရေးပညာရပ်၊ ဥပဒေပညာရပ်၊ ကုန်သွယ်ရေးပညာရပ်၊ စိုက်ပျိုးရေးပညာရပ် သို့မဟုတ် စာရင်းကိုင်ပညာရပ်တွင် အတွေ့အကြုံနှင့် ဗဟုသုတရှိသူ ဖြစ်ရမည်။

၁၃။ စုံစမ်းစစ်ဆေးရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အခြားသက်သေခံအထောက်အထားတစ်ခုခု သို့မဟုတ် ပြည့်စုံသော စာရွက်စာတမ်းအမှတ်အသား သို့မဟုတ် အကျိုးအကြောင်းဖော်ပြချက်များပေးရန် သက်ဆိုင်သောပုဂ္ဂိုလ်များကို လိုအပ်သလို စာဖြင့် ရေးသားဆင့်ခေါ်၍ စစ်ဆေးချက်များ ရယူခြင်း၊

(ခ) သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများထံမှဖြစ်စေ၊ ဘဏ်နှင့်ငွေရေးကြေးရေးဆိုင်ရာအဖွဲ့အစည်းများထံမှဖြစ်စေ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် စုံစမ်းစစ်ဆေးခြင်းခံရသူနှင့် သက်ဆိုင်သောစာရွက်စာတမ်းများ၊ အခြားအထောက်အထားများကို တောင်းယူ၍ စစ်ဆေးခြင်း၊

(ဂ) စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် စုံစမ်းစစ်ဆေးခြင်းခံရသူ သို့မဟုတ် အခြားပုဂ္ဂိုလ်၏ အဆောက်အအုံ၊ မြေ၊ လုပ်ငန်းနေရာတို့ကို ဥပဒေနှင့်အညီ ဝင်ရောက်ကြည့်ရှုစစ်ဆေးခြင်းနှင့် ရှာဖွေခြင်း၊

(ဃ) ကော်မရှင်၏ တာဝန်ပေးချက်အရ စုံစမ်းစစ်ဆေးပြီး ယှဉ်ပြိုင်မှုကိစ္စရပ်များနှင့်စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်များကို ကော်မရှင်သို့ တင်ပြခြင်း။

## အခန်း (၇)
## လက်ဝါးကြီးအုပ်ဆောင်ရွက်မှုကို တားမြစ်ခြင်း

၁၄။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူသည် အောက်ဖော်ပြပါ ပြုလုပ်မှုတစ်ခုခုဖြင့် ဈေးကွက်လက်ဝါးကြီးအုပ်ဆောင်ရွက်မှုကို မပြုရ -

(က) ကုန်စည်ဝယ်ယူသည့်ဈေးနှုန်း သို့မဟုတ် ကုန်စည်ရောင်းချသည့်ဈေးနှုန်း သို့မဟုတ် ဝန်ဆောင်မှုအတွက် အခကြေးငွေကို ထိန်းချုပ်ထားခြင်း၊

(ခ) ဈေးနှုန်းထိန်းချုပ်ရန် ရည်ရွယ်ချက်ဖြင့် ဝန်ဆောင်မှုကိုဖြစ်စေ၊ ထုတ်လုပ်မှုကိုဖြစ်စေ ကန့်သတ်ခြင်း သို့မဟုတ် ကုန်စည်ဝယ်ယူခြင်း၊ ရောင်းချခြင်းပြုရာတွင် အခွင့်အလမ်းများကို ကန့်သတ်ခြင်း သို့မဟုတ် အခြားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများက မဖြစ်မနေဆောင်ရွက်ရမည့် စည်းကမ်းချက်များကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း သတ်မှတ်ခြင်း၊

(ဂ) ဝန်ဆောင်မှု၊ ထုတ်လုပ်မှု၊ ဝယ်ယူမှု၊ ဖြန့်ဖြူးမှု၊ လွှဲပြောင်းပေးမှု သို့မဟုတ် တင်သွင်းမှုတို့ကို သင့်လျော်သည့် အကြောင်းပြချက်မရှိဘဲ ဆိုင်းငံ့ထားခြင်း၊ လျှော့ချခြင်း၊ ကန့်သတ်ခြင်း သို့မဟုတ် ဈေးကွက်ဝယ်လိုအားအောက် လျော့နည်းစေရေးအတွက် အရည်အသွေးကို လျှော့ချရန်အလို့ငှာ ကုန်စည်များကို ဖျက်ဆီးခြင်း၊ ပျက်စီးစေရန် ပြုလုပ်ခြင်း၊

(ဃ) အခြားသူ၏ စီးပွားရေးလုပ်ငန်း ဆောင်ရွက်ရာတွင် တရားမျှတမှုမရှိဘဲ ဝင်ရောက်စွက်ဖက်ခြင်း။

၁၅။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူသည် ကော်မရှင်၏ခွင့်ပြုချက်ဖြင့် အောက်ဖော်ပြပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်သည် -

(က) စီးပွားရေးလုပ်ငန်းတစ်ခုခု၏ အခြေအနေကို ထိန်းသိမ်းခြင်း သို့မဟုတ် စီးပွားရေးလုပ်ငန်းသစ်တစ်ခု ဖန်တီးခြင်းကို အကျိုးသက်ရောက်မှုရှိစေရန် ထုတ်လုပ်သူ၊ ဖြန့်ဖြူးသူနှင့် ပံ့ပိုးကူညီသူတို့ ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်ခြင်း၊

(ခ) အခြားစီးပွားရေးလုပ်ငန်းတစ်ခုခု၏ ပိုင်ဆိုင်မှုပစ္စည်းများ သို့မဟုတ် အစုရှယ်ယာများအားလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ထိန်းချုပ်ရန် ဝယ်ယူခြင်း။

၁၆။ ကော်မရှင်သည် ယှဉ်ပြိုင်မှုကို ထိန်းချုပ်ကန့်သတ်သည့် စာချုပ်များနှင့်စပ်လျဉ်း၍ စားသုံးသူတို့၏ အကျိုးစီးပွားအလို့ငှာ စရိတ်လျော့နည်းစေသည့် အောက်ပါကိစ္စရပ်တစ်ခုခုတွင် အကျုံးဝင်ပါက တိကျသော ကာလတစ်ရပ် သတ်မှတ်၍ ကင်းလွတ်ခွင့်ပြုနိုင်သည် -

(က) လုပ်ငန်းစွမ်းဆောင်ရည် တိုးမြှင့်စေရန် စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းပုံစံ တို့ကို ပြုပြင်ပြောင်းလဲခြင်း၊

(ခ) ကုန်စည်နှင့်ဝန်ဆောင်မှု အရည်အသွေးတိုးတက်စေရန် နည်းပညာနှင့် နည်းပညာအဆင့် မြင့်မားမှုကို တိုးတက်စေခြင်း၊

(ဂ) ကွဲပြားသောထုတ်ကုန်အမျိုးမျိုး၏ နည်းပညာဆိုင်ရာစံချိန်စံညွှန်းများနှင့် အရည်အသွေး အဆင့် အတန်း တစ်ပြေးညီတိုးတက်စေခြင်း၊

(ဃ) ဈေးနှုန်းနှင့်ဖြစ်စေ၊ ဈေးနှုန်းဆိုင်ရာအချက်အလက်များနှင့်ဖြစ်စေ သက်ဆိုင်ခြင်းမရှိဘဲ စီးပွားရေး လုပ်ငန်း ဆောင်ရွက်ခြင်း၊ ကုန်စည်များ ဖြန့်ဖြူးခြင်းနှင့် ငွေပေးချေခြင်းကိစ္စများ တစ်ပြေးညီ ဖြစ်စေခြင်း၊

(င) အသေးစားနှင့်အလတ်စားလုပ်ငန်းများ၏ ယှဉ်ပြိုင်မှုစွမ်းအားကို မြင့်မားစေခြင်း၊

(စ) နိုင်ငံတကာဈေးကွက်ရှိ မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်းများ၏ ယှဉ်ပြိုင်မှုစွမ်းအားကို မြင့်မား စေခြင်း။

## အခန်း (၈)

## မျှတမှုမရှိသောယှဉ်ပြိုင်မှုဆိုင်ရာဆောင်ရွက်ချက်အား တားမြစ်ခြင်း

၁၇။ ဤဥပဒေအရ မျှတမှုမရှိသော ယှဉ်ပြိုင်မှုဆိုင်ရာဆောင်ရွက်ချက်တွင် အောက်ဖော်ပြပါတို့ ပါဝင်သည် -

(က) စားသုံးသူများ အထင်အမြင်လွဲမှားစေရန် ဆောင်ရွက်ခြင်း၊

(ခ) စီးပွားရေးလုပ်ငန်းလျှို့ဝှက်ချက်ကို ပေါက်ကြားစေခြင်း၊

(ဂ) စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူအချင်းချင်း အနိုင်အထက်ပြုလုပ်ခြင်း၊

(ဃ) အခြားစီးပွားရေးလုပ်ငန်း၏ နာမည်ဂုဏ်သတင်းကို ပျက်ပြားစေခြင်း၊

(င) အခြားစီးပွားရေးလုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်မှုကို နှောင့်ယှက်ခြင်း၊

(စ) မျှတမှုမရှိသောယှဉ်ပြိုင်မှုအလို့ငှာ ကြော်ငြာခြင်းနှင့် အရောင်းမြှင့်တင်ခြင်း၊

(ဆ) စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအကြား ခွဲခြားဆက်ဆံခြင်း၊

(ဇ) ထုတ်လုပ်မှုကုန်ကျစရိတ်အောက်လျော့နည်းသော ဈေးနှုန်းဖြင့် ရောင်းချခြင်း၊

(ဈ) မိမိလုပ်ငန်း၏ အရှိန်အဝါသြဇာကို အလွဲသုံးစားပြုခြင်း၊ အခြားလုပ်ငန်းများနှင့် သဘောတူ စာချုပ် ချုပ်ဆိုထားသူအား စာချုပ်ဖောက်ဖျက်ရန် ဆွဲဆောင်ခြင်း၊ လှုံ့ဆော်ခြင်း၊

(ည) ကော်မရှင်က မျှတမှုမရှိသော ယှဉ်ပြိုင်မှုဆိုင်ရာဆောင်ရွက်ချက်ဟု အခါအားလျော်စွာ သတ်မှတ် သည့်အရာကို ပြုလုပ်ခြင်း။

၁၈။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူသည် စားသုံးသူများ အထင်အမြင်လွဲမှားစေရန် ဆောင်ရွက်ရာ ရောက်သည့် အောက်ပါတို့ကို မပြုလုပ်ရ -

(က) တရားဝင်မှတ်ပုံတင်ထားသည့် ကုန်စည်အမည်၊ လုပ်ငန်းဆောင်ပုဒ်၊ အမှတ်တံဆိပ်၊ ထုပ်ပိုးမှု၊ ပထဝီဆိုင်ရာအညွှန်းများနှင့် အခြားအရာများအား ရှုပ်ထွေးမှုဖြစ်စေသည့် သတင်းအချက်အလက် များကို အသုံးပြု၍ ယှဉ်ပြိုင်ရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်း၊

(ခ) ပုဒ်မခွဲ (က) ပါ ရှုပ်ထွေးမှုဖြစ်စေသည့် သတင်းအချက်အလက်များကို အသုံးပြု၍ ကုန်စည်ထုတ်လုပ်ခြင်းနှင့် ဝန်ဆောင်မှုပေးခြင်း စသည့် စီးပွားရေးလုပ်ငန်းကို လုပ်ဆောင်ခြင်း။

၁၉။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူသည် အခြားစီးပွားရေးလုပ်ငန်းတစ်ခုခု၏ လျှို့ဝှက်ချက်များကို ပေါက်ကြားစေခြင်းနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို မပြုလုပ်ရ -

(က) စီးပွားရေးလုပ်ငန်းတစ်ခု၏ လျှို့ဝှက်ချက်များ၊ ယင်းလျှို့ဝှက်ချက်နှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များကို ရယူခြင်း၊ စုဆောင်းခြင်းပြုလုပ်ရာတွင် ဖော်ပြပါ လျှို့ဝှက်ချက်များကို ဥပဒေအရ ပိုင်ဆိုင်သူများက ကာကွယ်ထားသည့် လုံခြုံရေးဆိုင်ရာအစီအမံများအား ချိုးဖောက်၍ ဆောင်ရွက်ခြင်း၊

(ခ) စီးပွားရေးလုပ်ငန်းလျှို့ဝှက်ချက်များကို ဥပဒေနှင့်အညီ ပိုင်ဆိုင်သူ၏ တရားဝင်ခွင့်ပြုချက်မရရှိဘဲ အသုံးပြုခြင်း သို့မဟုတ် ဖော်ထုတ်ခြင်း၊

(ဂ) စီးပွားရေးလုပ်ငန်း၏ လျှို့ဝှက်ချက်များ၊ ယင်းလျှို့ဝှက်ချက်နှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များကို ရယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် ဖော်ထုတ်ခြင်းပြုရာတွင် ယင်းလျှို့ဝှက်ချက်ကို ထိန်းသိမ်းရန် တာဝန်ရှိသူ၏ ယုံကြည်မှုရရှိရန် သွေးဆောင်ဖြားယောင်းခြင်း သို့မဟုတ် ယုံကြည်မှုအပေါ် အခွင့်အရေးယူခြင်း၊

(ဃ) ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ နည်းလမ်းတကျဆောင်ရွက်သည့် အခြားပုဂ္ဂိုလ်များ ပိုင်ဆိုင်သော စီးပွားရေးလုပ်ငန်း၏ လျှို့ဝှက်ချက်များ၊ ထုတ်ကုန်ဖြန့်ဖြူးခြင်းများနှင့်ဆိုင်သော လုပ်ငန်းစဉ်များကို ပေါက်ကြားစေခြင်း၊

(င) နိုင်ငံပိုင်အဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသော လုံခြုံမှုဆိုင်ရာအစီအမံများကို ချိုးဖောက်၍ စီးပွားရေးဆိုင်ရာသတင်းအချက်အလက်များကို ပေါက်ကြားစေခြင်း၊

(စ) ပုဒ်မခွဲ (င) ပါ ယင်းသတင်းအချက်အလက်များကို အသုံးပြု၍ စီးပွားရေးလုပ်ငန်းကိစ္စအတွက် ဆောင်ရွက်ခြင်း၊ စီးပွားရေးလုပ်ငန်းလိုင်စင် ရယူရန် လျှောက်ထားခြင်း သို့မဟုတ် ကုန်စည်များ ဖြန့်ဖြူးခြင်း။

၂၀။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူသည် စားသုံးသူများကိုဖြစ်စေ၊ အခြားစီးပွားရေးလုပ်ငန်းနှင့် တွဲဖက်လုပ်ကိုင်သူများကိုဖြစ်စေ ထိုလုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်ခြင်းမပြုရန် သို့မဟုတ် ဆက်သွယ်ဆောင်ရွက်ရာမှ ရပ်စဲရန် ခြိမ်းခြောက်၍သော်လည်းကောင်း၊ အတင်းအကျပ်ပြု၍သော်လည်းကောင်း ချုပ်ချယ်မှုပြုလုပ်ခြင်းဖြင့် အနိုင်အထက်မပြုရ။

၂၁။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူသည် အခြားစီးပွားရေးလုပ်ငန်းများ၏ နာမည်ဂုဏ်သတင်း၊ ငွေကြေးဆိုင်ရာအခြေအနေနှင့် လုပ်ငန်းဆောင်ရွက်မှုများ ပျက်ပြားစေရန် မမှန်ကန်သောသတင်းများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထုတ်လွှင့်ခြင်းမပြုရ။

၂၂။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူသည် အခြားစီးပွားရေးလုပ်ငန်းများ၏ ဥပဒေနှင့်အညီ ဆောင်ရွက်သော လုပ်ငန်းများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တားဆီးကာကွယ်ခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း မပြုရ။

၂၃။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူသည် တရားမျှတမှုမရှိသော ယှဉ်ပြိုင်မှုအလို့ငှာ အောက်ပါကြော်ငြာလုပ်ငန်းများကို လုပ်ကိုင်ခြင်းမပြုရ -

(က) စီးပွားရေးလုပ်ငန်းတစ်ခု၏ ကုန်စည်နှင့်ဝန်ဆောင်မှုများကို အခြားစီးပွားရေးလုပ်ငန်းများ၏ အလားတူ ကုန်စည်၊ ဝန်ဆောင်မှုများနှင့် တိုက်ရိုက်နှိုင်းယှဉ်ခြင်း၊

(ခ) ကုန်စည်ဝယ်ယူသူဖောက်သည်တို့ကို သွေးဆောင်ဖြားယောင်းရန် အခြားကြော်ငြာများအား တုပခြင်း၊

(ဂ) အောက်ပါအကြောင်းအချက်များအနက် တစ်ခုခုအပေါ် မှားယွင်းသော သို့မဟုတ် သွေးဆောင်ဖြားယောင်းသော သတင်းအချက်အလက်များကို ကုန်စည်ဝယ်ယူသူဖောက်သည်များသို့ ထုတ်ပြန်ခြင်း -

(၁) ဈေးနှုန်း၊ ပမာဏ၊ အရည်အသွေး၊ အသုံးဝင်မှုများ၊ ဒီဇိုင်းပုံစံများ၊ အမျိုးအစားများ၊ ထုပ်ပိုးမှုများ၊ ထုတ်လုပ်သည့်နေ့စွဲ၊ ကြာရှည်အသုံးခံမှု၊ မူလအရင်းအမြစ်၊ ထုတ်လုပ်သူများ၊ ထုတ်လုပ်သည့်နေရာများ၊ ပြုပြင်ထုတ်လုပ်သူများ၊ ပြုပြင်ထုတ်လုပ်သည့်နေရာများ၊

(၂) အသုံးပြုပုံ၊ ဝန်ဆောင်မှုပေးပုံ၊ အာမခံကာလ၊

(၃) အခြားမှားယွင်းသော သို့မဟုတ် သွေးဆောင်ဖြားယောင်းသော သတင်းအချက်အလက်များ။

(ဃ) ဥပဒေအရ တားမြစ်ထားသည့် အခြားကြော်ငြာလုပ်ငန်းများ။

၂၄။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူသည် တရားမျှတမှုမရှိသော ယှဉ်ပြိုင်မှုအလို့ငှာ အောက်ပါအရောင်းမြှင့်တင်ခြင်းလုပ်ငန်းများကို မပြုလုပ်ရ -

(က) လိမ်လည်လှည့်ဖြားလိုသောရည်ရွယ်ချက်ဖြင့် အရောင်းမြှင့်တင်ရန် စည်းရုံးဆောင်ရွက်ခြင်း၊

(ခ) တူညီသောအရောင်းမြှင့်တင်ရေးအစီအစဉ်တွင် ကုန်စည်ဝယ်ယူသူဖောက်သည်များကို ခွဲခြားဆက်ဆံခြင်း၊

(ဂ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တားမြစ်ထားသော အခြားအရောင်းမြှင့်တင်မှုနည်းလမ်းများကို ကျင့်သုံးဆောင်ရွက်ခြင်း။

၂၅။ **စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းတစ်ခု**သည် ခွဲခြားဆက်ဆံခြင်းဖြစ်စေမည့် အောက်ဖော်ပြပါအချက်များကို ဆောင်ရွက်ခြင်း မပြုလုပ်ရ -

(က) စီးပွားရေးလုပ်ငန်းတစ်ခုအား မိမိအဖွဲ့အစည်းသို့ ဝင်ရောက်ရန် သတ်မှတ်ထားသော အရည်အချင်း ပြည့်မီသော်လည်း ဝင်ခွင့်ပြုရန် ငြင်းဆန်ခြင်းဖြင့်ဖြစ်စေ၊ နုတ်ထွက်ခွင့်ပြုရန် ငြင်းဆန်ခြင်းဖြင့်ဖြစ်စေ ခွဲခြားဆက်ဆံခြင်း သို့မဟုတ် ယှဉ်ပြိုင်မှုတွင် အဟန့်အတားဖြစ်စေခြင်း၊

(ခ) **စီးပွားရေးလုပ်ငန်းအဖွဲ့အစည်း**တွင် ပါဝင်သော စီးပွားရေးလုပ်ငန်း၏ ရည်ရွယ်ချက်နှင့် လုပ်ဆောင်မှုများအား ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ ကန့်သတ်ခြင်း။

၂၆။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူသည် မိမိ၏ကုန်စည်အား ဈေးကွက်တွင်း ယှဉ်ပြိုင်ရောင်းချရာ၌ အခြားစီးပွားရေးလုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်းလျော့နည်းသွားစေရန် ရည်ရွယ်၍ ယင်းတို့၏ ထုတ်လုပ်မှုကုန်ကျစရိတ်အောက် လျော့နည်းသောဈေးနှုန်းဖြင့်လည်းကောင်း၊ သွင်းကုန်ဖြစ်ပါက ဆိပ်ကမ်းရောက်တန်ဖိုးအောက် လျော့နည်းသောဈေးနှုန်းဖြင့်လည်းကောင်း ရောင်းချခြင်းမပြုရ။

၂၇။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူသည် ဈေးကွက်အတွင်း မိမိ၏အရှိန်အဝါသြဇာကို အလွဲသုံးစားပြု၍ အောက်ဖော်ပြပါကိစ္စရပ်များကို ဆောင်ရွက်ခြင်းမပြုရ -

(က) ယှဉ်ပြိုင်သူများ ဈေးကွက်အတွင်းမှ ထွက်သွားစေရန်အလို့ငှာ ထုတ်လုပ်မှုကုန်ကျစရိတ်အောက် လျော့နည်းသောဈေးနှုန်းဖြင့် ကုန်စည်များ ရောင်းချခြင်း သို့မဟုတ် ဝန်ဆောင်မှုပေးခြင်း၊

(ခ) သင့်လျော်မျှတမှုမရှိသော သတ်မှတ်ဈေးနှုန်းဖြင့် ကုန်စည်များ ရောင်းချခြင်း၊ ဝယ်ယူခြင်း သို့မဟုတ် ဝန်ဆောင်မှုပေးခြင်း သို့မဟုတ် ပြန်လည်ရောင်းချသူများအပေါ် ရောင်းချရမည့် ဈေးနှုန်း သတ်မှတ်ပေးခြင်းဖြင့် စားသုံးသူများအား ထိခိုက်နစ်နာစေခြင်း၊

(ဂ) ကုန်စည်ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းတို့ကို ထိန်းချုပ်ခြင်း၊ ဈေးကွက်ကို ကန့်သတ်ထားခြင်း၊ သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေခြင်းနှင့် စားသုံးသူများကို ထိခိုက်နစ်နာစေခြင်း၊

(ဃ) မမျှတသောယှဉ်ပြိုင်မှု ဖြစ်ပေါ်စေရန်အလို့ငှာ တူညီသောဈေးကွက်အတွင်း တစ်ပြေးညီမဟုတ်သော ကူးသန်းရောင်းဝယ်မှုဆိုင်ရာစည်းကမ်းချက်များ ချမှတ်ခြင်း၊

(င) ကုန်စည်များ၊ ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ အရောင်းအဝယ်စာချုပ်များ ချုပ်ဆိုရာ၌ အခြားစီးပွားရေးလုပ်ငန်းများအပေါ် တရားမျှတမှုမရှိသော စည်းကမ်းချက်များ ချမှတ်ခြင်း သို့မဟုတ် ယင်းစာချုပ်များနှင့် တိုက်ရိုက်သက်ဆိုင်ခြင်းမရှိသော တာဝန်ဝတ္တရားများကို လက်ခံရန် အတင်းအကျပ်ပြုခြင်း၊

(စ) ဈေးကွက်အတွင်း ယှဉ်ပြိုင်သူအသစ်များ ဝင်ရောက်လာခြင်းကို တရားမျှတမှုမရှိသောနည်းလမ်းများဖြင့် တားဆီးခြင်း။

၂၈။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူသည် အခြားစီးပွားရေးလုပ်ငန်းများနှင့် သဘောတူစာချုပ်ချုပ်ဆိုထားပြီးဖြစ်သော ပုဂ္ဂိုလ် သို့မဟုတ် စီးပွားရေးလုပ်ငန်းတစ်ခုအား စာချုပ်သက်တမ်းမကုန်ဆုံးမီ စာချုပ်ဖောက်ဖျက်စေရန် သွေးဆောင်ဖြားယောင်းခြင်း သို့မဟုတ် ဆွဲဆောင်ခြင်း မပြုရ။

၂၉။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူသည် မျှတမှုမရှိသောနည်းလမ်းဖြင့် ကုန်စည်များကို တင်သွင်းခြင်း၊ ယင်းကုန်စည်များကို ဈေးကွက်ပေါက်ဈေးအောက် လျှော့၍ရောင်းချခြင်း မပြုရ။

## အခန်း (၉)
## စီးပွားရေးလုပ်ငန်းအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း

၃၀။ စီးပွားရေးလုပ်ငန်းအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းတွင် အောက်ပါလုပ်ဆောင်ချက်များ ပါဝင်သည် -

(က) လုပ်ငန်းအချင်းချင်း ပေါင်းစည်းခြင်း၊

(ခ) လုပ်ငန်းတစ်ခုက အခြားလုပ်ငန်းတစ်ခုကို ဝယ်ယူခြင်း၊

(ဂ) လုပ်ငန်းချင်း ဖက်စပ်လုပ်ကိုင်ခြင်း၊

(ဃ) လုပ်ငန်းအချင်းချင်း မဟာမိတ်ဖွဲ့ဆောင်ရွက်ခြင်း၊

(င) ကော်မရှင်က သတ်မှတ်ထားသည့် လုပ်ငန်းအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု အခြားနည်းလမ်းများဖြင့် ဆောင်ရွက်ခြင်း။

၃၁။ စီးပွားရေးလုပ်ငန်းအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာသော လုပ်ငန်းတစ်ခု သို့မဟုတ် လုပ်ငန်းအစုအဝေးတစ်ခု၏ စုစုပေါင်းဈေးကွက်ရှယ်ယာပိုင်ဆိုင်မှုမှာ အောက်ပါသတ်မှတ်ရာခိုင်နှုန်းထက် ကျော်လွန်ခြင်းမရှိစေရ -

(က) လုပ်ငန်းတစ်ခုတည်းဖြစ်ပါက စုစုပေါင်းဈေးကွက်ဝေစု၏ ၃၀ ရာခိုင်နှုန်း၊

(ခ) လုပ်ငန်းနှစ်ခုပါသော လုပ်ငန်းအုပ်စုဖြစ်ပါက စုစုပေါင်းဈေးကွက်ဝေစု၏ ၅၀ ရာခိုင်နှုန်း၊

(ဂ) လုပ်ငန်းသုံးခုပါသော လုပ်ငန်းအုပ်စုဖြစ်ပါက စုစုပေါင်းဈေးကွက်ဝေစု၏ ၆၅ ရာခိုင်နှုန်း၊

(ဃ) လုပ်ငန်းလေးခုနှင့်အထက်ပါဝင်သော လုပ်ငန်းအုပ်စုဖြစ်ပါက စုစုပေါင်းဈေးကွက်ဝေစု၏ ၇၅ ရာခိုင်နှုန်း။

၃၂။ (က) စီးပွားရေးလုပ်ငန်းတစ်ခုသည် အခြားစီးပွားရေးလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်ချက်ရှိပါက ထိုသို့ပူးပေါင်းဆောင်ရွက်နိုင်ရန် ကော်မရှင်သို့ ကြိုတင်ခွင့်ပြုချက် တောင်းခံရမည်။

(ခ) ကော်မရှင်သည် စီးပွားရေးလုပ်ငန်းအချင်းချင်း ပူးပေါင်းဆောင်ရွက်ရန် တင်ပြလာသော လျှောက်ထားချက်များကို လိုအပ်သလိုစိစစ်၍ ကြိုတင်ခွင့်ပြုချက် ထုတ်ပေးနိုင်သည်။

၃၃။ စီးပွားရေးလုပ်ငန်းတစ်ခုသည် ပုဒ်မ ၃၂၊ ပုဒ်မခွဲ (ခ) အရ ထုတ်ပေးသော ကြိုတင်ခွင့်ပြုချက် ရရှိမှသာ စီးပွားရေးလုပ်ငန်းအချင်းချင်း ပူးပေါင်းဆောင်ရွက်ခွင့်ရှိသည်။

## အခန်း (၁၀)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့် အယူခံခြင်း

၃၄။ ကော်မတီ သို့မဟုတ် အဖွဲ့ငယ်များသည် ဤဥပဒေအရ ကော်မရှင်က ထုတ်ပြန်သော တားမြစ်ချက်၊ သတ်မှတ်ချက်၊ ညွှန်ကြားချက်နှင့် စည်းကမ်းချက်များကို ဖောက်ဖျက်သည့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူကို အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ် ချမှတ်ရမည် -

(က) သတိပေးခြင်း၊

(ခ) သတ်မှတ်ထားသောဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊

(ဂ) လုပ်ငန်းဆောင်ရွက်ခြင်းကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဃ) နောင်တွင် မည်သည့်လုပ်ကိုင်ခွင့်မျှ ပြုမည်မဟုတ်သော စီးပွားရေးလုပ်ငန်းများစာရင်း၌ ထည့်သွင်းခြင်း။

၃၅။ ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ခ) ပါ သတ်မှတ်ထားသောဒဏ်ကြေးငွေကို ပေးဆောင်ခြင်းမရှိပါက မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်။

၃၆။ ကော်မတီ သို့မဟုတ် အဖွဲ့ငယ်က ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် အဆိုပါအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ကော်မရှင်သို့ အယူခံဝင်ရောက်ခွင့်ရှိသည်။

၃၇။ ဤဥပဒေအရ ကော်မရှင်က ချမှတ်သော အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

၃၈။ ဤဥပဒေအရ ချမှတ်ထားသော စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်များသည် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ အရေးယူခြင်းကို ပိတ်ပင်ခြင်းမရှိစေရ။

## အခန်း (၁၁)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၉။ မည်သူမဆို စုံစမ်းစစ်ဆေးရေးကော်မတီက ဤဥပဒေအရ စုံစမ်းစစ်ဆေးမှုပြုရန်အတွက် သက်သေခံ အထောက်အထား သို့မဟုတ် စာရွက်စာတမ်းအမှတ်အသားတစ်ခုခု တင်ပြရန် သို့မဟုတ် ထွက်ဆိုချက် ပေးရန် စာဖြင့်ရေးသားထုတ်ပြန်ထားသည့် ဆင့်ခေါ်မှုကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက်မပိုသောငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၀။ မည်သူမဆို ပုဒ်မ ၁၄၊ ၁၉ သို့မဟုတ် ၂၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းငါးဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၁။ မည်သူမဆို ပုဒ်မ ၁၈ သို့မဟုတ် ၂၀ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းသုံးဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၂။ မည်သူမဆို ပုဒ်မ ၂၀ သို့မဟုတ် ၂၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းခုနစ်ဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၃။ မည်သူမဆို ပုဒ်မ ၂၂ သို့မဟုတ် ၂၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းသုံးဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၄။ မည်သူမဆို ပုဒ်မ ၂၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းသုံးဆယ်ထက်မပိုသောငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၅။ မည်သူမဆို ပုဒ်မ ၂၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းသုံးဆယ်ထက်မပိုသောငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၆။ မည်သူမဆို ပုဒ်မ ၂၆ သို့မဟုတ် ၂၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းငါးဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၂)
## အထွေထွေ

၄၇။ ယှဉ်ပြိုင်မှုကိုထိန်းချုပ်သော ဆောင်ရွက်ချက် သို့မဟုတ် တရားမျှတမှုမရှိသောယှဉ်ပြိုင်မှုဆိုင်ရာ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့်သက်ဆိုင်သည့် ကိစ္စရပ်များကို ဤဥပဒေအရသာ ဆောင်ရွက်ရမည်။

၄၈။ ကော်မရှင်သည် အစည်းအဝေးများကို သတ်မှတ်ချက်များနှင့်အညီ ကျင်းပရမည်။

၄၉။ ဤဥပဒေနှင့်အညီ ပြစ်မှုတစ်ရပ်ရပ်အား တရားစွဲဆိုရာတွင် ကော်မရှင်၏ ကြိုတင်ခွင့်ပြုမိန့် ရယူ ရမည်။

၅၀။ ဤဥပဒေအရ တရားစွဲဆိုခြင်းခံရသူသည် စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းဖြစ်လျှင် ယင်းအဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်ရာတွင် တာဝန်ရှိသူတစ်ဦးဦးသည် အဆိုပါပြစ်မှုကို ယင်းမသိရှိဘဲ ကျူးလွန်ကြောင်း သို့မဟုတ် ပြစ်မှုကျူးလွန်ခြင်းကို တားဆီးရန် ထိုက်သင့်သောလုံ့လ ဝီရိယ စိုက်ထုတ်၍ ဆောင်ရွက်ခဲ့ကြောင်း သက်သေပြနိုင်ခြင်းမရှိပါက အဆိုပါစီးပွားရေးလုပ်ငန်းအဖွဲ့အစည်းနှင့်အတူ ပူးတွဲစွဲဆိုခြင်းခံရမည်ဖြစ်ပြီး ယင်းစီးပွားရေးလုပ်ငန်းအဖွဲ့အစည်းအား ပြစ်ဒဏ်ချမှတ်လျှင် အဆိုပါတာဝန်ရှိသူသည် ယင်းပြစ်မှုအတွက် ပူးတွဲ၍ အပြစ်ရှိသည်ဟု မှတ်ယူခြင်းခံရမည်။

၅၁။ ဝန်ကြီးဌာနသည် ကော်မရှင်၏ -

(က) ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

(ခ) ကုန်ကျစရိတ်များကို ကျခံရမည်။

၅၂။ ဤဥပဒေအရ သဘောရိုးဖြင့်ဆောင်ရွက်သော ကိစ္စတစ်ရပ်ရပ်အတွက် ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးကို ဖြစ်စေ၊ ကော်မတီဝင် သို့မဟုတ် အဖွဲ့ငယ်အဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းတစ်ဦးဦးကိုဖြစ်စေ တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်း၊ အခြား နည်းလမ်းဖြင့် အရေးယူခြင်း မပြုရ။

၅၃။　ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က)　ဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ )　ကော်မရှင်သည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်

( ၂၀၁၄ ခုနှစ်၊ မေလ ၆ ရက် )

**မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့သော မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)**

**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်　။ )**

၁၃၇၅ ခုနှစ်၊　　　　လ　ရက်

( ၂၀၁၄ ခုနှစ်၊　　လ　ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။　ဤဥပဒေကို မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။　မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၂ တွင် -

(က)　ပုဒ်မခွဲ (င) ၌ ပါရှိသော "မုတ်ကောင်သားပေါက်များကိုဖြစ်စေ" ဆိုသည့် စကားရပ်ကို "စပက်ကော်လက်တာ (Spat Collector) များကိုဖြစ်စေ၊ မွေးမြူထားသော မုတ်ကောင်များကိုဖြစ်စေ၊ ပုလဲဝတ်ဆံသွင်းထားပြီးသော မုတ်ကောင်များကိုဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

( ခ )　ပုဒ်မခွဲ (စ) ပါ စကားရပ်များကို အောက်ပါစကားရပ်များဖြင့် အစားထိုးရမည် -

"(စ)　ပုလဲမွေးမြူခြင်းလုပ်ငန်းဆိုသည်မှာ မုတ်ကောင်များကို ခွဲစိတ်ဝတ်ဆံသွင်းခြင်း၊ ဝတ်ဆံသွင်းပြီးသော မုတ်ကောင်များကို ပင်လယ်ပြင်အတွင်း ချထားမွေးမြူခြင်း၊ ခွဲစိတ်ပုလဲဖော်ခြင်း၊ ပုလဲဖော်ပြီးသောမုတ်ကောင်များကို ပြန်လည်ဝတ်ဆံသွင်းခြင်းလုပ်ငန်းကို ဆိုသည်။"

(ဂ) ပုဒ်မခွဲ (ဇ) တွင် ပါရှိသော "ဝန်ကြီးဌာနဆိုသည်မှာ" ဆိုသည့် စကားရပ်၏နောက်၌ "ပြည်ထောင်စု အစိုးရ" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ဃ) ပုဒ်မခွဲ (တ) ၏နောက်၌ "ပုဒ်မခွဲ (ထ) နှင့် (ဒ)" တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ထ) စပက်ကော်လက်တာ (Spat Collector) ဆိုသည်မှာ ခာတ်ခွဲခန်းအတွင်း၌ မုတ်ကောင် အထီးနှင့် မုတ်ကောင်အမတို့အား မျိုးစပ်၍ ရရှိလာသော မုတ်ကောင်သားပေါက်ငယ် (Spat) များ တွယ်ကပ်နေသည့် ကြိုးထုံး သို့မဟုတ် အမာခံပစ္စည်းကို ဆိုသည်။

(ဒ) တန်ဖိုးဖြတ်အဖွဲ့ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ပုလဲတန်ဖိုးဖြတ်အဖွဲ့ကို ဆိုသည်။"

၃။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ (၃) ပုဒ်မခွဲ (ဃ) ၏နောက်၌ "ပုဒ်မခွဲ (င)" အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(င) ပုလဲထုတ်လုပ်ခြင်းလုပ်ငန်းကြောင့် ပင်လယ်ပြင်နှင့်သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု မရှိစေရေး စီမံဆောင်ရွက်ရန်။"

၄။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၇ တွင် ပါရှိသော "ခွင့်ပြုမိန့်ကို ထုတ်ပေးနိုင်သည်" ဆိုသည့် စကားရပ်ကို "ပြည်ထောင်စုဝန်ကြီး၏ သဘောတူညီချက်ဖြင့် ခွင့်ပြုမိန့် ထုတ်ပေးရမည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (ခ) ၏နောက်၌ "ပုဒ်မခွဲ (ဂ)၊ (ဃ) နှင့် (င)" တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဂ) မုတ်ကောင်သားဖောက်ကျွမ်းကျင်သူအဖြစ် လုပ်ကိုင်ခြင်း၊

(ဃ) မုတ်ကောင်ပြုစုစောင့်ရှောက်ခြင်း ကျွမ်းကျင်သူအဖြစ် လုပ်ကိုင်ခြင်း၊

(င) ပုလဲမွေးမြူရေးရေငုပ်ကျွမ်းကျင်သူအဖြစ် လုပ်ကိုင်ခြင်း။"

၆။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၁၈ ၌ ပါရှိသော "ဦးဆောင်ညွှန်ကြားရေးမှူး" ဆိုသည့် စကားရပ်ကို "ညွှန်ကြားရေးမှူးချုပ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၂၄ တွင် ပါရှိသော "ဦးဆောင်ညွှန်ကြားရေးမှူးသည်" ဆိုသည့် စကားရပ်၏နောက်၌ "ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့်" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၈။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ အခန်း (၁၁) ၏နောက်၌ "အခန်း (၁၂)" အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်။

"အခန်း (၁၂)

တန်ဖိုးဖြတ်အဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၂၅။ ဝန်ကြီးဌာနသည် တန်ဖိုးဖြတ်အဖွဲ့ကို -

(က) ဒုတိယဝန်ကြီး ဦးဆောင်၍ ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာအကြီးအကဲများ၊ ပုလဲဆိုင်ရာ ပညာရှင်များနှင့် ကျွမ်းကျင်သူများဖြင့် ဖွဲ့စည်းရမည်။

(ခ) အဖွဲ့ဝင် အနည်းဆုံး (၇) ဦးမှ အများဆုံး (၁၁) ဦးအထိ ပါဝင်ဖွဲ့စည်းရမည်။

(ဂ) လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၂၆။ တန်ဖိုးဖြတ်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ခွင့်ပြုမိန့်ရရှိသူများက လာရောက်ပြသသော ပုလဲများ၏ အရည်အသွေး၊ အရေအတွက်၊ အလေးချိန်နှင့် အရွယ်အစားတို့ကို သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ခြင်း၊ တန်ဖိုးဖြတ်ခြင်း၊

(ခ) ဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၂၇။ ခွင့်ပြုမိန့်ရရှိသူသည် တန်ဖိုးဖြတ်အဖွဲ့က သတ်မှတ်ပေးသည့် ပုလဲတန်ဖိုးအပေါ် ကျေနပ်မှုမရှိပါက တန်ဖိုးပြင်ဆင်သတ်မှတ်ပေးရန် တန်ဖိုးသတ်မှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း ဝန်ကြီးဌာနသို့ လျှောက်ထားရမည်။

၂၈။ ပုဒ်မ ၂၇ အရ လျှောက်ထားလာပါက ဝန်ကြီးဌာနသည် -

(က) ပစ္စည်းတန်ဖိုးများကို ပြင်ဆင်သတ်မှတ်နိုင်သည်။

(ခ) တန်ဖိုးဖြတ်အဖွဲ့၏ သတ်မှတ်ချက်အတိုင်း အတည်ပြုနိုင်သည်။"

၉။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၂၅ တွင် ပါရှိသော "ငွေဒဏ်ကျပ် ၃၀၀,၀၀၀" ဆိုသည့် စကားရပ်ကို "ငွေဒဏ်ကျပ်သိန်းငါးဆယ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၀။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၂၆ တွင် ပါရှိသော စကားရပ်များကို အောက်ပါစကားရပ်များဖြင့် အစားထိုးရမည် -

"၃၀။ မည်သူမဆို မှတ်ပုံတင်လက်မှတ်မရှိဘဲ ပုဒ်မ (၉) ပါ လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ်တစ်ဆယ်သိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။"

၁၁။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၂၇ တွင် ပါရှိသော "ငွေဒဏ်ကျပ် ၁၀၀,၀၀၀" ဆိုသည့် စကားရပ်ကို "ငွေဒဏ်ကျပ်သိန်းနှစ်ဆယ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၂။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၂၈ တွင် ပါရှိသော "ငွေဒဏ်ကျပ် ၅၀၀,၀၀၀" ဆိုသည့် စကားရပ်ကို "ငွေဒဏ်ကျပ်သိန်းငါးဆယ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၃။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၂၉ တွင် ပါရှိသော "ငွေဒဏ်ကျပ် ၁၀၀,၀၀၀" ဆိုသည့် စကားရပ်ကို "ငွေဒဏ်ကျပ်သိန်းနှစ်ဆယ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၄။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၃၀ တွင် ပါရှိသော "မည်သည့်ပြည်သူ့ဝန်ထမ်းမဆို" ဆိုသည့် စကားရပ်ကို "မည်သူမဆို" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၃၁ တွင် ပါရှိသော "ငွေဒဏ်ကျပ် ၁၀,၀၀၀" ဆိုသည့် စကားရပ်ကို "ငွေဒဏ်ကျပ်တစ်ဆယ်သိန်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၆။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၃၂ ကို ပယ်ဖျက်ရမည်။

၁၇။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ၏ "ပုဒ်မ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀ နှင့် ၃၁" တို့ကို "ပုဒ်မ ၂၉၊ ၃၀၊ ၃၁၊ ၃၂၊ ၃၃၊ ၃၄ နှင့် ၃၅" တို့အဖြစ်လည်းကောင်း၊ "ပုဒ်မ ၃၃" ကို "ပုဒ်မ ၃၆" အဖြစ်လည်းကောင်း အသီးသီးပြန်လည်အမှတ်စဉ်ရမည်။

၁၈။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ "အခန်း (၁၂) နှင့် အခန်း (၁၃)" တို့ကို "အခန်း (၁၃) နှင့် အခန်း (၁၄)" တို့အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၁၉။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ၏ "ပုဒ်မ ၃၄၊ ၃၅၊ ၃၆ နှင့် ၃၇" တို့ကို "ပုဒ်မ ၃၇၊ ၃၈၊ ၃၉ နှင့် ၄၀" တို့အဖြစ် အသီးသီးပြန်လည်အမှတ်စဉ်ရမည်။

၂၀။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ "ပုဒ်မ ၃၈" ကို "ပုဒ်မ ၄၁" အဖြစ် အောက်ပါအတိုင်း အစားထိုးရမည် -

"၄၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းတို့သည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

**[ ယခင်အပတ် အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန၊ အမိန့်ကြော်ငြာစာအမှတ် (၄၁/၂၀၁၄)၊ လူမှုဖူလုံရေးနည်းဥပဒေများမှအဆက် ]**

(ဃ) နည်းဥပဒေခွဲ (က)၊ (ခ) နှင့် (ဂ) တို့ပါ စာရင်းများနှင့် မှတ်တမ်းများကို လူမှုဖူလုံရေးအဖွဲ့က တာဝန်ပေးအပ်သည့် စစ်ဆေးရေးအဖွဲ့ သို့မဟုတ် အရာရှိကဖြစ်စေ၊ သက်ဆိုင်ရာလူမှုဖူလုံရေးရုံးမှ တာဝန်ရှိသူ အရာရှိကဖြစ်စေ တိုက်ဆိုင်စစ်ဆေးရန် တောင်းဆိုသည့်အခါ တင်ပြရမည့်အပြင် စစ်ဆေးခွင့်လည်း ပြုရမည်။

၄၈။ အာမခံထားသူသည် -

(က) မိမိအတွက် သတ်မှတ်သည့် မှတ်ပုံတင်ပုံစံကို ဖြည့်သွင်းရာတွင် ဖော်ပြထားသောအချက်အလက်များ မှန်ကန်ကြောင်း ကိုယ်တိုင်သိရှိလက်မှတ်ရေးထိုးရမည်။ အကယ်၍ ဖော်ပြထားသော အချက်အလက်များ ပြောင်းလဲမှုရှိပါက အလုပ်ရှင်မှတစ်ဆင့်ဖြစ်စေ၊ မိမိကိုယ်တိုင်ဖြစ်စေ သက်ဆိုင်ရာ လူမှုဖူလုံရေးရုံးသို့ အကြောင်းကြားရမည်။

(ခ) နည်းဥပဒေ ၄၀ နှင့် နည်းဥပဒေ ၄၁ ပါ လုပ်ငန်းဌာနမှ အလုပ်သမားဖြစ်ပါက အလုပ်ရှင်က မိမိအား မှတ်ပုံတင်ပေးရန် ပျက်ကွက်လျှင်ဖြစ်စေ၊ ဖော်ပြထားသောအချက်အလက်များ မှန်ကန်မှုမရှိလျှင်ဖြစ်စေ သက်ဆိုင်ရာမြို့နယ်လူမှုဖူလုံရေးရုံးသို့ အကြောင်းကြားရမည်။

၄၉။ (က) လူမှုဖူလုံရေးအဖွဲ့သည် လူမှုဖူလုံရေးနှင့် အလုပ်တွင်ထိခိုက်မှုအကျိုးခံစားခွင့်များနှင့်စပ်လျဉ်း၍ စုံစမ်းသိရှိနိုင်ရန်နှင့် ဖြေရှင်းဆုံးဖြတ်နိုင်ရန်အလို့ငှာ သက်ဆိုင်ရာလုပ်ငန်းဌာနသို့ စစ်ဆေးရေးအရာရှိ သို့မဟုတ် သင့်လျော်သောပုဂ္ဂိုလ်ကိုဖြစ်စေ၊ စုံစမ်းစစ်ဆေးရေးအဖွဲ့ကိုဖြစ်စေ စေလွှတ်၍ အောက်ပါအချက်များကို စုံစမ်းစစ်ဆေးခြင်းပြုနိုင်သည် -

(၁) အလုပ်ရှင်များက ဥပဒေအရ ထားရှိရမည့် အလုပ်မှတ်တမ်းနှင့်စာရင်းများကို စနစ်တကျ ထားရှိခြင်း ရှိ မရှိ၊

(၂) မိမိအလုပ်သမားအားလုံးအတွက် ထည့်ဝင်ကြေးပေးသွင်းခြင်း ရှိ မရှိနှင့် လုပ်ခဝင်ငွေနှင့် အညီ ထိုက်သင့်သောထည့်ဝင်ကြေး ပေးသွင်းခြင်း ရှိ မရှိ၊

(၃) လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင်ထိခိုက်မှုအကျိုးခံစားခွင့်ရန်ပုံငွေများသို့ ထည့်ဝင်ကြေး ပေးသွင်းသော မှတ်တမ်းများထားရှိခြင်း ရှိ မရှိနှင့် မှန်ကန်စွာပေးသွင်းခြင်း ရှိ မရှိ၊

(၄) အာမခံထားသူများအား လူမှုဖူလုံရေးအာမခံစိစစ်ရေးကတ်ပြားများ ထုတ်ပေးထားခြင်း ရှိ မရှိ၊

(၅) အာမခံထားသူတစ်ဦးချင်းအလိုက် ငွေစာရင်းများ ဖွင့်လှစ်ထားခြင်း ရှိ မရှိ၊

(၆) အလုပ်သမားများက လူမှုဖူလုံရေးနှင့် အလုပ်တွင်ထိခိုက်မှုအကျိုးခံစားခွင့်များကို မှန်ကန်စွာ ထုတ်ယူရရှိခြင်း ရှိ မရှိ၊

(၇) သတ်မှတ်ထားသော အစီရင်ခံစာများတင်ပြခြင်း ရှိ မရှိ။

(ခ) နည်းဥပဒေခွဲ (က) ပါ ကိစ္စများအတွက် စုံစမ်းစစ်ဆေးရန် လူမှုဖူလုံရေးအဖွဲ့က တာဝန်ပေးအပ်ခြင်းခံရသည့် အရာရှိ သို့မဟုတ် စုံစမ်းစစ်ဆေးရေးအဖွဲ့သည် သက်ဆိုင်ရာလုပ်ငန်းဌာန၏ ဥပစာအတွင်းသို့ ဝင်ရောက်၍ လိုအပ်သော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နိုင်သည်။

(ဂ) နည်းဥပဒေခွဲ (က) ပါ ကိစ္စများအတွက် စုံစမ်းစစ်ဆေးရန် သက်ဆိုင်ရာအလုပ်ရှင်နှင့် အလုပ်သမားများကိုလည်းကောင်း၊ စုံစမ်းစစ်ဆေးရာတွင် လိုအပ်သောအခြားပုဂ္ဂိုလ်များကိုလည်းကောင်း ဆင့်ဆိုစစ်မေးခြင်းနှင့် သက်သေခံစာတမ်းအမှတ်အသားများကို တင်ပြစေခြင်းတို့ ပြုနိုင်သည်။

**အလုပ်ဌာန ပြောင်းလဲလုပ်ကိုင်သော်လည်း ဆက်လက်အကျုံးဝင်ခွင့်ရှိခြင်း**

၅၀။ ဥပဒေနှင့်အကျုံးဝင်သော ပုဂ္ဂလိကပိုင်လုပ်ငန်းဌာနတွင် အလုပ်လုပ်ကိုင်ခဲ့သော အာမခံထားသူသည် -

(က) ဥပဒေနှင့်အကျုံးဝင်သော အခြားပုဂ္ဂလိကပိုင်လုပ်ငန်းဌာန သို့မဟုတ် ဥပဒေနှင့်အကျုံးဝင်သော နိုင်ငံပိုင်လုပ်ငန်းဌာနတစ်ခုခုသို့ ပြောင်းရွှေ့လုပ်ကိုင်ပါက ဥပဒေနှင့်အညီ ဆက်လက်အကျုံးဝင်သက်ဆိုင်စေရမည်။

(ခ) ဥပဒေနှင့်အကျုံးမဝင်သော အခြားလုပ်ငန်းဌာနသို့ဖြစ်စေ၊ မိမိ၏ကိုယ်ပိုင်လုပ်ငန်းသို့ဖြစ်စေ ပြောင်းလဲလုပ်ကိုင်ခဲ့ပြီးနောက် မိမိဆန္ဒအလျောက် အာမခံထားသူအဖြစ် ဥပဒေနှင့်အညီ ဆက်လက်ရပ်တည်လိုပါက မိမိ၏လုပ်ခဝင်ငွေကို ပြည်ထောင်စုအစိုးရကဖြစ်စေ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရကဖြစ်စေ ဒေသအလိုက် ကြေညာထားသော အနိမ့်ဆုံးလုပ်ခဝင်ငွေအောက် မနည်းသည့် လုပ်ခဝင်ငွေအဖြစ် ဖော်ပြ၍ ဆက်လက်အကျုံးဝင်လိုသောအာမခံစနစ်သို့ အလုပ်ရှင်နှင့် အလုပ်သမားထည့်ဝင်ကြေးကို ပေးဆောင်ပြီး မိမိဆန္ဒအလျောက် အာမခံထားသူအဖြစ် ဆက်လက်ရပ်တည်ခွင့်ရှိသည်။

၅၁။ ဥပဒေနှင့်အကျုံးဝင်သော နိုင်ငံပိုင်လုပ်ငန်းဌာနတွင် အလုပ်လုပ်ကိုင်ခဲ့သော အာမခံထားသူသည် -

(က) ဥပဒေနှင့်အကျုံးဝင်သော နိုင်ငံပိုင်အခြားလုပ်ငန်းဌာနသို့ ပြောင်းရွှေ့လုပ်ကိုင်ပါက ဥပဒေနှင့်အညီ ဆက်လက်အကျုံးဝင်သက်ဆိုင်စေရမည်။

(ခ) ဥပဒေနှင့်အကျုံးမဝင်သော အခြားလုပ်ငန်းဌာနသို့ဖြစ်စေ၊ မိမိ၏ကိုယ်ပိုင်လုပ်ငန်းသို့ဖြစ်စေ ပြောင်းလဲလုပ်ကိုင်ခဲ့ပြီးနောက် မိမိဆန္ဒအလျောက် အာမခံအလုပ်သမားအဖြစ် ဥပဒေနှင့်အညီ ဆက်လက်ရပ်တည်လိုပါက နည်းဥပဒေ ၅၀ နည်းဥပဒေခွဲ (ခ) နှင့်အညီ ဆက်လက်ရပ်တည်ခွင့်ရှိသည်။

(ဂ) ဥပဒေနှင့်အကျုံးဝင်သော ပုဂ္ဂလိကပိုင်လုပ်ငန်းဌာနတစ်ခုခုသို့ ပြောင်းရွှေ့လုပ်ကိုင်ခဲ့ပါက ဥပဒေနှင့်အညီ ဆက်လက်အကျုံးဝင်သက်ဆိုင်စေရမည့်အပြင် အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိမှုအကျိုးခံစားခွင့်၊ သက်ပြည့်အငြိမ်းစားအကျိုးခံစားခွင့်နှင့် ကျန်ရစ်သူအကျိုးခံစားခွင့်အာမခံစနစ်နှင့် အလုပ်လက်မဲ့အကျိုးခံစားခွင့်အာမခံစနစ်တို့နှင့်ပါ သက်ဆိုင်စေရမည်။

(ဃ) အကျုံးဝင်သက်ဆိုင်သောလုပ်ငန်းဌာနတစ်ခုခုသို့ ဝင်ရောက်လုပ်ကိုင်ခြင်း သို့မဟုတ် မိမိ၏အလုပ်ဌာနသည် မှတ်ပုံမတင်မနေရ ပြဋ္ဌာန်းချက်များနှင့် အကျုံးဝင်သက်ဆိုင်ခြင်းများ ဖြစ်လာပါက ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်အကျုံးဝင်သက်ဆိုင်စေရမည်။

**ဥပဒေနှင့်အညီ အကျိုးခံစားခွင့်ရှိသူများ**

၅၂။ ဥပဒေနှင့်အညီ မှတ်ပုံတင်ထားသော အာမခံထားသူသည် အကျိုးခံစားခွင့်အမျိုးအစားတစ်ခုချင်းစီအတွက် သတ်မှတ်ချက်များနှင့်ညီညွတ်လျှင် သက်ဆိုင်ရာအကျိုးခံစားခွင့်များကို ခံစားခွင့်ရှိသည်။

**ဥပဒေနှင့်အကျုံးဝင်သက်ဆိုင်ခြင်းမှ ရပ်ဆိုင်းခြင်း**

၅၃။ (က) ဥပဒေနှင့်အညီ မှတ်ပုံတင်ထားသောအာမခံထားသူသည် ထည့်ဝင်ကြေးကို ၃၆ လနှင့်အထက် တစ်ဆက်တည်းပေးသွင်းရန် ပျက်ကွက်လျှင် ဥပဒေပြဋ္ဌာန်းချက်များနှင့် အကျုံးဝင်သက်ဆိုင်ခြင်းမှ ယာယီရပ်ဆိုင်းသည်။

(ခ) နည်းဥပဒေခွဲ (က) ပါ ယာယီရပ်ဆိုင်းခြင်းခံရသူသည် ဥပဒေနှင့်အကျုံးဝင်သော အလုပ်ဌာနတစ်ခုခုတွင် အလုပ်ပြန်လည်ဝင်ရောက်ပြီး ထည့်ဝင်ကြေးများ ပြန်လည်ထည့်ဝင်သည့်နေ့မှစ၍ဖြစ်စေ၊ မိမိဆန္ဒအလျောက် မှတ်ပုံတင်ပြီး ထည့်ဝင်ကြေးများ ပြန်လည်ထည့်ဝင်သည့်နေ့မှစ၍ဖြစ်စေ ဥပဒေပါပြဋ္ဌာန်းချက်များနှင့် အကျုံးဝင်သက်ဆိုင်စေရမည့်အပြင် ယခင်ပေးသွင်းခဲ့သော ထည့်ဝင်ကြေးသက်တမ်းများနှင့် ဆက်စပ်ခွင့်ရှိစေရမည်။

(ဂ) ဥပဒေနှင့်အညီ မှတ်ပုံတင်ထားသော အာမခံထားသူသည် အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိမှု၊ သက်ပြည့်အငြိမ်းစားနှင့် ကျန်ရစ်သူအကျိုးခံစားခွင့်အာမခံစနစ်မှ အကျိုးခံစားခွင့်များကို ဥပဒေနှင့်အညီ ထုတ်ယူခံစားပြီးသည့်အခါတွင်ဖြစ်စေ၊ အာမခံထားသူအဖြစ်မှ နုတ်ထွက်သည့်အခါတွင်ဖြစ်စေ၊ သေဆုံးသည့်အခါတွင်ဖြစ်စေ ဥပဒေပြဋ္ဌာန်းချက်များနှင့် အကျုံးဝင်သက်ဆိုင်ခြင်းမှ ရပ်စဲသည်။

## အခန်း (၅)
## ထည့်ဝင်ကြေးများ

**လူမှုဖူလုံရေးရန်ပုံငွေသို့ ပေးသွင်းရမည့် ထည့်ဝင်ကြေးများ**

၅၄။ (က) အလုပ်ရှင်သည် အာမခံထားသူများအား ဆေးကုသပေးရန်၊ အာမခံထားသူနှင့် ထိုသူ သေဆုံးပြီးနောက် ကျန်ရစ်သောမှီခိုသူများအား ဥပဒေနှင့်အညီ လူမှုဖူလုံရေးအကျိုးခံစားခွင့်များ ပေးရန်၊ ဥပဒေအရ ဆောင်ရွက်ရမည့် အခြားလုပ်ငန်းများအတွက် ကုန်ကျစရိတ်များကို ကျခံရန်နှင့် စီမံခန့်ခွဲမှုအတွက် ကုန်ကျသည့်စရိတ်များကို ကျခံရန်အလို့ငှာ အလုပ်ရှင်နှင့် အလုပ်သမားတို့က လူမှုဖူလုံရေးရန်ပုံငွေသို့ ပေးသွင်းရမည့် ထည့်ဝင်ကြေးများကို သက်ဆိုင်ရာ မြို့နယ်လူမှုဖူလုံရေးရုံးများသို့ဖြစ်စေ၊ မြို့နယ်လူမှုဖူလုံရေးရုံးများက ဖွင့်လှစ်ထားသော ဘဏ်ငွေစာရင်းသို့ဖြစ်စေ လစဉ် ပေးသွင်းရမည်။

(ခ) မိမိဆန္ဒအလျောက် အာမခံထားသူသည် သက်ဆိုင်ရာလူမှုဖူလုံရေးရန်ပုံငွေသို့ ပေးသွင်းရမည့် ထည့်ဝင်ကြေးများကို နည်းဥပဒေခွဲ (က) ပါအတိုင်း လစဉ် ပေးသွင်းရမည်။

၅၅။ လူမှုဖူလုံရေးစနစ်နှင့်သက်ဆိုင်သည့် လုပ်ငန်းဌာနများမှ အလုပ်ရှင်နှင့် အလုပ်သမားတို့က ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ (က) ပါ လူမှုဖူလုံရေးရန်ပုံငွေသို့ အာမခံထားသူ၏ တစ်လအတွက် လုပ်ခဝင်ငွေအပေါ်မူတည်၍ ပေးသွင်းရမည့် ထည့်ဝင်ကြေးနှုန်းများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကျန်းမာရေးနှင့်လူမှုရေးစောင့်ရှောက်မှုရန်ပုံငွေသို့ အောက်ပါအတိုင်း ပေးသွင်းရမည် -

(၁) အာမခံထားသူသည် စတင်မှတ်ပုံတင်သည့်အချိန်တွင် အသက် ၆၀ နှစ်အတွင်းဖြစ်ပါက အလုပ်ရှင်က နှစ်ရာခိုင်နှုန်း၊ အလုပ်သမားက နှစ်ရာခိုင်နှုန်း၊ စုစုပေါင်း လေးရာခိုင်နှုန်း၊

(၂) အာမခံထားသူသည် စတင်မှတ်ပုံတင်သည့်အချိန်တွင် အသက် ၆၀ နှစ်အထက်ဖြစ်ပါက အလုပ်ရှင်က ၂. ၅ ရာခိုင်နှုန်း၊ အလုပ်သမားက ၂. ၅ ရာခိုင်နှုန်း၊ စုစုပေါင်း ငါးရာခိုင်နှုန်း၊

( ခ ) အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိမှု အကျိုးခံစားခွင့်၊ သက်ပြည့်အငြိမ်းစားအကျိုးခံစားခွင့်နှင့် ကျန်ရစ်သူ အကျိုးခံစားခွင့်ရန်ပုံငွေသို့ အလုပ်ရှင်က သုံးရာခိုင်နှုန်းနှင့် အလုပ်သမားက သုံးရာခိုင်နှုန်း၊ စုစုပေါင်း ခြောက်ရာခိုင်နှုန်း၊

( ဂ ) အလုပ်လက်မဲ့အကျိုးခံစားခွင့်ရန်ပုံငွေသို့ အလုပ်ရှင်က တစ်ရာခိုင်နှုန်းနှင့် အလုပ်သမားက တစ်ရာခိုင်နှုန်း၊ စုစုပေါင်း နှစ်ရာခိုင်နှုန်း၊

(ဃ) လူမှုဖူလုံရေးအိမ်ရာစီမံကိန်းရန်ပုံငွေသို့ အလုပ်သမားက အနည်းဆုံး ၂၅ ရာခိုင်နှုန်း။

၅၆။ အလုပ်ရှင်သည် -

(က) နည်းဥပဒေ ၅၅၊ နည်းဥပဒေခွဲ (က) အရ ပေးသွင်းရန် သတ်မှတ်ထားသည့် ထည့်ဝင်ကြေး နှုန်းထားများကို ဥပဒေ စတင်အာဏာတည်သည့်နေ့ရက်မှစ၍ ပေးသွင်းရမည်။

( ခ ) နည်းဥပဒေ ၅၅၊ နည်းဥပဒေခွဲ (ခ)၊ (ဂ) နှင့် (ဃ) တို့တွင် ပေးသွင်းရန် သတ်မှတ်ထားသည့် ထည့်ဝင်ကြေးနှုန်းထားများနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနက လူမှုဖူလုံရေးအဖွဲ့နှင့်ညှိနှိုင်းပြီး ပြည်ထောင်စု အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့်နေ့ရက်မှစ၍ ထည့်ဝင်ကြေးများကို ပေးသွင်းရမည်။

**အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်ရန်ပုံငွေသို့ ပေးသွင်းရမည့် ထည့်ဝင်ကြေးများ**

၅၇။ အလုပ်ရှင်သည် အာမခံထားသူများအား ဆေးကုသပေးရန်၊ အာမခံထားသူနှင့် ထိုသူသေဆုံး ပြီးနောက် ကျန်ရစ်သော မှီခိုသူများအား ဥပဒေနှင့်အညီ အလုပ်တွင်ထိခိုက်မှုအကျိုးခံစားခွင့်များပေးရန်၊ ဥပဒေအရ ဆောင်ရွက်ရမည့် အခြားလုပ်ငန်းများအတွက် ကုန်ကျစရိတ်များကို ကျခံရန်နှင့် စီမံခန့်ခွဲမှုအတွက် ကုန်ကျသည့်စရိတ်များကို ကျခံရန်အလို့ငှာ အလုပ်တွင်ထိခိုက်မှုအကျိုးခံစားခွင့်ရန်ပုံငွေသို့ ထည့်ဝင်ကြေး များကို သက်ဆိုင်ရာမြို့နယ်လူမှုဖူလုံရေးရုံးများသို့ဖြစ်စေ၊ မြို့နယ်လူမှုဖူလုံရေးရုံးများက ဖွင့်လှစ်ထားသော ဘဏ်ငွေစာရင်းသို့ဖြစ်စေ လစဉ် ပေးသွင်းရမည်။

၅၈။ လူမှုဖူလုံရေးအဖွဲ့သည် လုပ်ငန်းဌာနများအား အလုပ်တွင်ထိခိုက်မှုအကျိုးခံစားခွင့် အာမခံ စနစ်နှင့်သက်ဆိုင်သည့် အလုပ်ရှင်ထည့်ဝင်ကြေးကို သတ်မှတ်ကောက်ခံနိုင်ရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) စတင်အကျိုးဝင်မှတ်ပုံတင်သော လုပ်ငန်းဌာနများကို အခြေခံထည့်ဝင်ကြေးနှုန်းအဖြစ် အာမခံ ထားသူက တစ်လအတွင်းရရှိသော လုပ်ခဝင်ငွေ၏ တစ်ရာခိုင်နှုန်း သတ်မှတ်ရမည်။

( ခ ) နည်းဥပဒေခွဲ (က) ပါ လုပ်ငန်းဌာန၏ အလုပ်တွင်ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှုအကျိုး ခံစားခွင့်ခံစားသူဦးရေနှင့် ကျန်ရစ်သူအကျိုးခံစားခွင့်ခံစားသူဦးရေ နှစ်ရပ်ပေါင်းသည် တစ်နှစ် အတွင်း အဆိုပါလုပ်ငန်းဌာနရှိ အာမခံထားသူ အလုပ်သမားဦးရေ၏ ငါးရာခိုင်နှုန်းအောက် ဖြစ်ပေါ်ခဲ့ပါက အဆိုပါလုပ်ငန်းဌာနကို နည်းဥပဒေခွဲ (က) ပါ နှုန်းအတိုင်း ဆက်လက် သတ်မှတ် ကောက်ခံရမည်။

( ဂ ) နည်းဥပဒေခွဲ (က) နှင့် (ခ) ပါ လုပ်ငန်းဌာန၏ အလုပ်တွင်ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့်ခံစားသူဦးရေနှင့် ကျန်ရစ်သူအကျိုးခံစားခွင့်ခံစားသူဦးရေ နှစ်ရပ်ပေါင်းသည် တစ်နှစ်အတွင်း အောက်ပါအတိုင်း ဖြစ်ပေါ်ခဲ့ပါက အဆိုပါလုပ်ငန်းဌာနအား ထိုကဲ့သို့ ဆက်လက် မဖြစ်ပေါ်စေရန် သတိပေးအကြောင်းကြားရမည် -

(၁) အလုပ်သမားဦးရေ ၅၀ အောက်ရှိသော အလုပ်ဌာနသည် အလုပ်တွင်ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှုအကျိုးခံစားခွင့်ခံစားသူဦးရေနှင့် ကျန်ရစ်သူအကျိုးခံစားခွင့်ခံစားသူ ဦးရေသည် နှစ်ဦးနှင့်အထက်ရှိခြင်း၊

(၂) အလုပ်သမားဦးရေ ၅၀ နှင့်အထက်ရှိသော အလုပ်ဌာနမှ အလုပ်တွင်ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှုအကျိုးခံစားခွင့်ခံစားသူဦးရေနှင့် ကျန်ရစ်သူအကျိုးခံစားခွင့်ခံစားသူဦးရေ နှစ်ရပ်ပေါင်းသည် အာမခံထားသူ အလုပ်သမားဦးရေ၏ ငါးရာခိုင်နှုန်းနှင့်အထက်ရှိခြင်း။

(ဃ) နည်းဥပဒေခွဲ (ဂ) ပါ လုပ်ငန်းဌာန၏ အလုပ်တွင်ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှုအကျိုးခံစားခွင့်ခံစားသူဦးရေနှင့် ကျန်ရစ်သူအကျိုးခံစားခွင့်ခံစားသူဦးရေ နှစ်ရပ်ပေါင်းသည် နောက်တစ်နှစ်တွင် နည်းဥပဒေခွဲ (ဂ) ပါ သတ်မှတ်ချက်ထက် ဆက်လက်ကျော်လွန်နေပါက အဆိုပါလုပ်ငန်းဌာနအတွက် ထည့်ဝင်ကြေးကို အာမခံထားသူက တစ်လအတွင်းရရှိသော လုပ်ခဝင်ငွေ၏ ၁.၅ ရာခိုင်နှုန်းဖြင့် တိုးမြှင့်သတ်မှတ်ကောက်ခံရမည်။

(င) နည်းဥပဒေခွဲ (ဃ) ပါ ထည့်ဝင်ကြေး တိုးမြှင့်သတ်မှတ်ကောက်ခံနေသော လုပ်ငန်းဌာနများတွင် တစ်နှစ်အတွင်း ဖြစ်ပေါ်ခဲ့သည့်အလုပ်တွင် ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှုအကျိုးခံစားခွင့်ခံစားသူဦးရေနှင့် ကျန်ရစ်သူအကျိုးခံစားခွင့်ခံစားသူဦးရေ နှစ်ရပ်ပေါင်းသည် နည်းဥပဒေခွဲ (ဂ) ပါ သတ်မှတ်အရေအတွက်အောက် ပြန်လည်ရောက်ရှိပါက အဆိုပါလုပ်ငန်းဌာနကို အာမခံထားသူက တစ်လအတွင်းရရှိသော လုပ်ခဝင်ငွေ၏ တစ်ရာခိုင်နှုန်းသို့ ပြန်လည်လျှော့ချသတ်မှတ်ရမည်။

၅၉။ (က) အလုပ်ရှင်သည် နည်းဥပဒေ ၅၈၊ နည်းဥပဒေခွဲ (က) အရ ပေးသွင်းရန် သတ်မှတ်ထားသည့် ထည့်ဝင်ကြေးနှုန်းထားများကို ဥပဒေစတင်အာဏာတည်သည့်နေ့ရက်မှစ၍ ပေးသွင်းရမည်။

(ခ) မိမိဆန္ဒအလျောက် အာမခံထားရှိလိုသည့် အလုပ်ဌာနများသည် နည်းဥပဒေ ၅၈ ပါ ထည့်ဝင်ကြေးနှုန်းများအတိုင်း အလုပ်ရှင်ထည့်ဝင်ကြေးကို ပေးသွင်း၍ အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်ကို ခံစားခွင့်ရှိသည်။

**ထည့်ဝင်ကြေးသတ်မှတ်ရာတွင် ထည့်သွင်းတွက်ချက်ရမည့် လုပ်ခဝင်ငွေများ**

၆၀။ (က) ထည့်ဝင်ကြေးသတ်မှတ်ရာတွင် အာမခံထားသူ၏ တစ်လအတွင်းရရှိသော လုပ်ခဝင်ငွေစုစုပေါင်းကို ထည့်သွင်းတွက်ချက်ရမည်။ အဆိုပါလုပ်ခဝင်ငွေသည် အနည်းဆုံးအခကြေးငွေဥပဒေအရသတ်မှတ်သည့် အနည်းဆုံးအခကြေးငွေနှုန်းများ သို့မဟုတ် ပြည်ထောင်စုအစိုးရကဖြစ်စေ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရကဖြစ်စေ အခါအားလျော်စွာ ဒေသအလိုက်ထုတ်ပြန်သော အနည်းဆုံး လုပ်ခသတ်မှတ်ချက်များအောက် မလျော့စေရ။ ထို့ပြင် ထည့်ဝင်ကြေးငွေသတ်မှတ်ရန်အလို့ငှာ တစ်လအတွက် အများဆုံးလုပ်ခဝင်ငွေသည် အနည်းဆုံးအခကြေးငွေဥပဒေအရ သတ်မှတ်သည့် တစ်လအတွက် ရရှိသည့် အနည်းဆုံးအခကြေးငွေ၏ ခြောက်ဆထက်မကျော်စေရ။

(ခ) လုပ်ခမရရှိသည့် အလုပ်သင်နှင့် ပညာသင်များအတွက် ထည့်ဝင်ကြေးငွေ ပေးဆောင်ရန် လုပ်ခဝင်ငွေအဖြစ် အနည်းဆုံးအခကြေးငွေဥပဒေအရ သတ်မှတ်သည့် အနည်းဆုံးအခကြေးငွေနှုန်း သို့မဟုတ် ပြည်ထောင်စုအစိုးရကဖြစ်စေ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရကဖြစ်စေ အခါအားလျော်စွာ ထုတ်ပြန်သော အနည်းဆုံးလုပ်ခသတ်မှတ်ချက်များအတိုင်း သတ်မှတ်ရမည်။

(ဂ) နည်းဥပဒေ ၅၅ နှင့် ၅၈ တို့တွင် ဖော်ပြထားသည့် ထည့်ဝင်ကြေးငွေအတွက် အလုပ်သမား၏ တစ်လလုပ်ခဝင်ငွေကို သတ်မှတ်ရာတွင် သက်ဆိုင်ရာလုပ်ငန်း၏ သဘောသဘာဝအလျောက် စိုက်ထုတ်ကုန်ကျသည့်ငွေများနှင့် ခရီးစရိတ်များကို ပြန်လည်ထုတ်ပေးသည့်ငွေများမှတစ်ပါး

အလုပ်သမား၏ဝင်ငွေအဖြစ် ဖော်ပြနိုင်သည့်ငွေ သို့မဟုတ် အကျိုးခံစားခွင့်များကို ထည့်သွင်း သတ်မှတ်ရမည်။ အဆိုပါတစ်လလုပ်ခဝင်ငွေဆိုသည့် စကားရပ်တွင် အောက်ပါတို့ ပါဝင်သည် -

(၁) အခြေခံလစာ သို့မဟုတ် အခြေခံအခကြေးငွေ၊

(၂) အပိုထောက်ပံ့ကြေး၊

(၃) အချိန်ပိုလုပ်ခ၊

(၄) အလုပ်ရှင်က အလုပ်သမားအား လစဉ် အပိုဆောင်းပေးသည့် အခြားအခကြေးငွေများ။

(ဃ) အလုပ်ရှင်သည် မိမိအလုပ်သမားများအတွက် တည်ထောင်ထားသည့် ငွေစုငွေချေးရန်ပုံငွေ၊ ပင်စင်ရန်ပုံငွေ သို့မဟုတ် အခြားရန်ပုံငွေတစ်ရပ်ရပ်သို့ ထောက်ပံ့ကြေးပေးရလျှင်ဖြစ်စေ၊ ဆေးကုသရေးအစီအစဉ်များ စီမံထားရှိလျှင်ဖြစ်စေ ဥပဒေအရ ပေးဆောင်ရန်တာဝန်ရှိသော ထည့်ဝင်ကြေးငွေများမှ အဆိုပါထောက်ပံ့ကြေးများ၊ စရိတ်များကို နုတ်ယူနိုင်ခွင့်မရှိစေရ။

**ထည့်ဝင်ကြေးသတ်မှတ်ရာတွင် ထည့်သွင်းတွက်ချက်ခြင်း မပြုရမည့်ဝင်ငွေများ**

၆၁။ အလုပ်ရှင်သည် -

(က) အာမခံထားသူခံစားခွင့်ရှိသော မကျန်းမာမှုအကျိုးခံစားခွင့်၊ မီးဖွားမှုအကျိုးခံစားခွင့်၊ ယာယီ မသန်စွမ်းမှုအကျိုးခံစားခွင့်၊ အမြဲတမ်းမသန်စွမ်းမှုအကျိုးခံစားခွင့်၊ အလုပ်လက်မဲ့အကျိုးခံစားခွင့် စသည့် ငွေကြေးအကျိုးခံစားခွင့်များကို ထည့်ဝင်ကြေးသတ်မှတ်ရန်အလို့ငှာ လုပ်ခဝင်ငွေအဖြစ် ထည့်သွင်းတွက်ချက်ခြင်း မပြုရ။

(ခ) အာမခံထားသူအား နည်းဥပဒေခွဲ (က) ပါ အကျိုးခံစားခွင့်ရရှိသည့်ကာလအတွက် တည်ဆဲဥပဒေ တစ်ရပ်ရပ်အရဖြစ်စေ၊ အလုပ်ခန့်ထားမှု သဘောတူညီချက်အရဖြစ်စေ အလုပ်ရှင်က ပေးသည့်ငွေ များကို ထည့်ဝင်ကြေးသတ်မှတ်ရန်အလို့ငှာ လုပ်ခဝင်ငွေအဖြစ် ထည့်သွင်းတွက်ချက်ခြင်း မပြုရ။

(ဂ) အာမခံထားသူသို့ပေးသော လုပ်သက်ဆုကြေးငွေများ၊ နှစ်စဉ်ပေးသော ဆုကြေးငွေများ၊ ဘာသာရေး လူမှုရေးပွဲတော်များအတွက် ပေးသော ထောက်ပံ့ကြေးများ၊ အလုပ်ထုတ် နစ်နာကြေး များကို ထည့်ဝင်ကြေးသတ်မှတ်ရန်အလို့ငှာ လုပ်ခဝင်ငွေအဖြစ် ထည့်သွင်းတွက်ချက်ခြင်း မပြုရ။

**ထည့်ဝင်ကြေးနှုန်းများ ပြောင်းလဲသတ်မှတ်ခြင်း**

၆၂။ (က) မြို့နယ်လူမှုဖူလုံရေးရုံးသည် နည်းဥပဒေ ၅၈ နှင့်အညီ လုပ်ငန်းဌာနများအား အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်အာမခံစနစ်နှင့် သက်ဆိုင်သည့် အလုပ်ရှင်ထည့်ဝင်ကြေးကို ပြင်ဆင် သတ်မှတ် ကောက်ခံနိုင်ရေးအတွက် အချက်အလက်အထောက်အထားနှင့်တကွ လူမှုဖူလုံရေး ရုံးချုပ်သို့ နှစ်စဉ် ဇန်နဝါရီလတွင် တင်ပြရမည်။

(ခ) လူမှုဖူလုံရေးရုံးချုပ်သည် နည်းဥပဒေ ၅၈ နှင့်အညီ လုပ်ငန်းဌာနများအား အလုပ်တွင်ထိခိုက်မှု အကျိုးခံစားခွင့်အာမခံစနစ်နှင့်သက်ဆိုင်သည့် အလုပ်ရှင်ထည့်ဝင်ကြေးကို ပြင်ဆင်သတ်မှတ် ကောက်ခံနိုင်ရေးအတွက် လူမှုဖူလုံရေးအဖွဲ့ အစည်းအဝေးသို့ တင်ပြ၍ ဆုံးဖြတ်ချက် ရယူ ရမည်။ ထိုဆုံးဖြတ်ချက်ကို သက်ဆိုင်ရာမြို့နယ်လူမှုဖူလုံရေးရုံးသို့ အကြောင်းကြားရမည်။

(ဂ) မြို့နယ်လူမှုဖူလုံရေးရုံးသည် လုပ်ငန်းဌာနများအား အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့် အာမခံစနစ်နှင့်သက်ဆိုင်သည့် အလုပ်ရှင်ထည့်ဝင်ကြေး ပြင်ဆင်သတ်မှတ်သည့်ကိစ္စကို သက်ဆိုင်ရာလုပ်ငန်းဌာနသို့ နှစ်လကြိုတင်၍ အသိပေးအကြောင်းကြားရမည်။

## ထည့်ဝင်ကြေးငွေများ ပေးသွင်းခြင်း

၆၃။ ပြက္ခဒိန်လသည် ထည့်ဝင်ကြေးငွေအတွက် လစဉ် လုပ်ခဝင်ငွေသတ်မှတ်ရာတွင် အခြေခံကာလအပိုင်းအခြားဖြစ်သည်။

၆၄။ အလုပ်ရှင်သည် -

(က) ပြက္ခဒိန်လအတွင်း အာမခံထားသူက အခကြေးငွေဖြင့် အနည်းဆုံး တစ်ရက်မျှ အလုပ်လုပ်ကိုင်ခဲ့လျှင် ယင်းအာမခံထားသူအတွက် ထည့်ဝင်ကြေးငွေကို ပေးသွင်းရမည်။

(ခ) အာမခံထားသူ၏ တစ်လအတွင်းရရှိသော လုပ်ခဝင်ငွေအပေါ် အခြေပြု၍ နည်းဥပဒေ ၅၅ တွင်သတ်မှတ်ထားသော ထည့်ဝင်ကြေးနှုန်းများအရ အာမခံထားသူက ပေးသွင်းရမည့် ထည့်ဝင်ကြေးငွေကို ထိုသူ၏ လုပ်ခဝင်ငွေမှ နုတ်ယူပြီး နည်းဥပဒေ ၅၅ နှင့် ၅၈ တို့အရ မိမိက ပေးသွင်းရမည့်ထည့်ဝင်ကြေးငွေများနှင့်အတူ သက်ဆိုင်ရာလကုန်ဆုံးပြီးနောက် လဆန်း ၁၅ ရက်ထက်နောက်မကျစေဘဲ သက်ဆိုင်ရာမြို့နယ်လူမှုဖူလုံရေးရုံးသို့ဖြစ်စေ၊ မြို့နယ်လူမှုဖူလုံရေးရုံးက ဖွင့်လှစ်ထားသော ဘဏ်ငွေစာရင်းသို့ဖြစ်စေ လစဉ် ပေးသွင်းရမည်။

(ဂ) အာမခံထားသူက နည်းဥပဒေ ၅၅ တွင် သတ်မှတ်ထားသော လူမှုဖူလုံရေးရန်ပုံငွေသို့ ပေးသွင်းရမည့် ထည့်ဝင်ကြေးငွေထက် ပိုမို၍ ထိုသူ၏ လုပ်ခဝင်ငွေမှ ဖြတ်တောက်ခြင်းမပြုရ။

(ဃ) လူမှုဖူလုံရေးရုံး၏ ငွေစာရင်းသို့ ထည့်ဝင်ကြေးငွေပေးသွင်းရာတွင် လိုအပ်သော စာရင်းဇယားများကိုပါ တင်ပြရမည်။

၆၅။ (က) အလုပ်ရှင်သည် -

(၁) နည်းဥပဒေ ၅၅ နှင့် ၅၈ တို့ပါ ထည့်ဝင်ကြေးများကို နည်းဥပဒေ ၆၄ နည်းဥပဒေခွဲ (ခ) ပါသတ်မှတ်ကာလအတွင်း ပေးသွင်းရန် ပျက်ကွက်လျှင် ထည့်ဝင်ကြေးအပြင် ပျက်ကွက်ကြေးအဖြစ် ပျက်ကွက်သည့်ရက်အသီးသီးအတွက် တစ်လလျှင် ထည့်ဝင်ကြေး၏ ၁၀ ရာခိုင်နှုန်းကိုထပ်ဆောင်းပေးသွင်းရမည်။ ထို့ပြင် ထည့်ဝင်ကြေးပေးသွင်းရန် ဆက်လက်၍ပျက်ကွက်နေလျှင် ပျက်ကွက်သည့်ရက်အသီးသီးအတွက် ဖော်ပြပါပျက်ကွက်ကြေးကို ထပ်ဆောင်းပေးသွင်းရမည်။

(၂) အလုပ်သမား၏လုပ်ခကို လျှော့ပြပြီး ပေးသွင်းရမည့် ထည့်ဝင်ကြေးကို လျှော့၍ပေးသွင်းလျှင်သော်လည်းကောင်း၊ အလုပ်သမားဦးရေကို ထိမ်ချန်၍ ထည့်ဝင်ကြေးပေးသွင်းလျှင်သော်လည်းကောင်း၊ အလုပ်သမား၏ လုပ်ခထဲမှ နုတ်ယူထားသည့် ထည့်ဝင်ကြေးကိုပေးသွင်းရန်ပျက်ကွက်လျှင်သော်လည်းကောင်း နည်းဥပဒေခွဲငယ် (၁) တွင် ပြဋ္ဌာန်းထားသည့်အတိုင်းပျက်ကွက်သည့်လအတွက် လျော့နည်းသည့် ထည့်ဝင်ကြေး သို့မဟုတ် နုတ်ယူထားသည့်ထည့်ဝင်ကြေးတို့အပြင် ပျက်ကွက်ကြေးအဖြစ် လျော့နည်း၍ ပေးသွင်းထားသည့် ထည့်ဝင်ကြေးအပေါ် တစ်လလျှင် ၁၀ ရာခိုင်နှုန်းဖြင့် သက်ဆိုင်ရာမြို့နယ်လူမှုဖူလုံရေးရုံး၏ ငွေစာရင်းသို့ပေးသွင်းရမည်။ ထိုသို့ပေးသွင်းရန် ဆက်လက်၍ ပျက်ကွက်နေလျှင် ပျက်ကွက်သည့်ရက်အသီးသီးအတွက် ဖော်ပြပါပျက်ကွက်ကြေးကို ထပ်ဆောင်းပေးသွင်းရမည်။

(ခ) သက်ဆိုင်ရာမြို့နယ်လူမှုဖူလုံရေးရုံးသည် အလုပ်ရှင်က နည်းဥပဒေ ၅၅ နှင့် ၅၈ တို့အရပေးသွင်းရန်ရှိသော ထည့်ဝင်ကြေးကို နည်းဥပဒေ ၆၄၊ နည်းဥပဒေခွဲ (ခ) နှင့်အညီပေးသွင်းခြင်းမပြုပါက အဆိုပါထည့်ဝင်ကြေးနှင့် ပျက်ကွက်ကြေးတို့ကို ဖော်ပြ၍ သတ်မှတ်သည့် နေ့ရက်အတွင်း ပေးသွင်းရန် သက်ဆိုင်ရာအလုပ်ရှင်ထံသို့ အကြောင်းကြားရမည်။

၆၆။ အလုပ်ရှင်သည် -

(က) နည်းဥပဒေ ၅၅ နှင့် ၅၈ တို့အရ ထည့်ဝင်ကြေးများ ပေးသွင်းရာတွင် သတ်မှတ်ထားသော ထည့်ဝင်ကြေးစာရင်း (ပုံစံ-၁၃) တွင် အာမခံထားသူအားလုံးအတွက် ပြည့်စုံစွာဖြည့်စွက်ရေးသား၍ မှန်ကန်ကြောင်း တာဝန်ယူလက်မှတ်ရေးထိုးလျက် သက်ဆိုင်ရာမြို့နယ်လူမှုဖူလုံရေးရုံးသို့ ပေးပို့ရမည်။

(ခ) နည်းဥပဒေခွဲ (က) ပါ ထည့်ဝင်ကြေးစာရင်းကို မိမိ၏လုပ်ငန်းဌာနရှိ အလုပ်သမားများ မြင်သာသောနေရာတွင် လစဉ်ကပ်ထားရမည်။

## အခန်း (၆)

## ဆေးကုသမှု

### ဆေးကုသမှု၏ရည်ရွယ်ချက်

၆၇။ လူမှုဖူလုံရေးအဖွဲ့သည် အာမခံထားသူတို့၏ ကျန်းမာရေးတိုးတက်ကောင်းမွန်စေရန်၊ ရောဂါကြိုတင်ကာကွယ်နိုင်ရန်၊ ကုသနိုင်ရန်၊ ကျန်းမာရေးပြန်လည်ထူထောင်ပေးရန်နှင့် စွမ်းအားပြည့် ပြန်လည်အလုပ်လုပ်နိုင်စေရန် ဆေးကုသမှုကို စီမံထားရှိရမည်။

### ဆေးကုသမှုအခွင့်အရေး

၆၈။ (က) အာမခံထားသူသည် ရောဂါတစ်မျိုးအတွက် စတင်ဆေးကုသမှုခံယူသည့်အချိန်တွင် အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်ညီညွတ်လျှင် ဆေးကုသမှုခံယူခွင့်နှင့် ဆေးသက်သေခံလက်မှတ်ရခွင့်ရှိသည် -

(၁) မှတ်ပုံတင်ကာလတစ်လအတွင်းသာဖြစ်သဖြင့် ထည့်ဝင်ကြေးမပေးသွင်းရသေးသူ၊

(၂) မှတ်ပုံတင်ကာလ နှစ်လရှိပြီး ထည့်ဝင်ကြေး အနည်းဆုံး တစ်လပေးသွင်းထားသူ၊

(၃) မှတ်ပုံတင်ကာလ သုံးလရှိပြီး ထည့်ဝင်ကြေး အနည်းဆုံး နှစ်လပေးသွင်းထားသူ၊

(၄) မှတ်ပုံတင်ကာလ သုံးလအထက်ရှိပြီး နောက်ဆုံးကပ်လျက် သုံးလအတွင်း ထည့်ဝင်ကြေး အနည်းဆုံး နှစ်လပေးသွင်းသူ၊

(၅) နည်းဥပဒေခွဲငယ် (၂)၊ (၃)နှင့် (၄) တို့တွင် ဖော်ပြထားသည့် ထည့်ဝင်ကြေးပေးသွင်းရန် သတ်မှတ်ထားသည့်ကာလကို ရေတွက်ရာတွင် မကျန်းမာမှု၊ မီးဖွားမှု၊ အလုပ်ခွင်မှ အလုပ်လက်မဲ့ဖြစ်မှုနှင့် ယာယီမသန်စွမ်းမှုငွေကြေးအကျိုးခံစားခွင့်ကို လအပြည့်ခံစားနေခြင်း သို့မဟုတ် လစာမဲ့ခွင့်ကို လအပြည့်ခံစားနေခြင်းကြောင့် ထည့်ဝင်ကြေးမပေးသွင်းနိုင်သည့် ကာလများကို ထည့်သွင်းရေတွက်ခွင့်ရှိသည်။

(ခ) အငြိမ်းစားသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူများ မကျန်းမာမှုဖြစ်လျှင် ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆေးကုသမှုခံယူခွင့် ရှိသည်။

၆၉။ (က) လူမှုဖူလုံရေးအဖွဲ့သည် ဆေးကုသမှုပေးရာတွင် အာမခံထားသူတို့၏ အလုပ်အကိုင်၊ ရောဂါအမျိုးအစားနှင့် အမျိုးသား၊ အမျိုးသမီး စသည်တို့အပေါ် မူတည်၍ ခွဲခြားခြင်းမပြုဘဲ တန်းတူအခွင့်အရေးပေးရမည်။

(ခ) လူမှုဖူလုံရေးအဖွဲ့သည် အာမခံထားသူများ ဆေးကုသမှုခံယူနိုင်ရေးအတွက် လူမှုဖူလုံရေးဆေးရုံ၊ ဆေးခန်းများ ထားရှိရမည့်အပြင် နိုင်ငံပိုင်ဆေးရုံ၊ ဆေးခန်းများနှင့်ဖြစ်စေ၊ ပုဂ္ဂလိကပိုင်ဆေးရုံ၊ ဆေးခန်းများ ဆေးဆိုင်များနှင့်ဖြစ်စေ သဘောတူစာချုပ်များ ချုပ်ဆိုနိုင်သည်။

(ဂ) မြို့နယ်လူမှုဖူလုံရေးရုံးသည် အာမခံထားသူများ ဆေးကုသမှုခံယူနိုင်ရေးအတွက် ထိုသူတို့ နေထိုင်ရာ အရပ်ဒေသနှင့် အနီးဆုံးဖြစ်သည့် နည်းဥပဒေခွဲ (ခ) ပါ ဆေးရုံ၊ ဆေးခန်းများကို သတ်မှတ်ပေးရမည်။

(ဃ) လူမှုဖူလုံရေးအဖွဲ့သည် အာမခံထားသူများအား လူမှုဖူလုံရေးဆေးရုံ ဆေးခန်းများတွင် ဆေးကုသမှုပေးရာတွင်ဖြစ်စေ၊ လူမှုဖူလုံရေးအဖွဲ့နှင့် သဘောတူစာချုပ် ချုပ်ဆိုထားသည့် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် ဆေးရုံ၊ ဆေးခန်းများတွင် ဆေးကုသမှုခံယူရာတွင်ဖြစ်စေ ဆေးကုသခြင်းနှင့်စပ်လျဉ်းသည့် ကုန်ကျစရိတ်ကို ပြန်လည်ထုတ်ပေးရန်အတွက် ထည့်ဝင်ကြေးကာလ အပေါ် မူတည်၍လည်းကောင်း၊ ဆေးကုသခွင့်ကာလသတ်မှတ်၍လည်းကောင်း၊ ဆေးဘက်ဆိုင်ရာအကြံပေးအဖွဲ့၏ အကြံပြုချက်နှင့်အညီ ရောဂါအမျိုးအစားအပေါ် မူတည်၍ လည်းကောင်း ညွှန်ကြားချက်များ ထုတ်ပြန်သတ်မှတ်နိုင်သည်။

၇၀။ အာမခံထားသူသည် -

(က) မကျန်းမာမှုဖြစ်နေစဉ်အတောအတွင်း လူမှုဖူလုံရေးဆေးရုံများ၊ ဆေးခန်းများ၊ လူမှုဖူလုံရေးအဖွဲ့နှင့် သဘောတူစာချုပ် ချုပ်ဆိုထားသော နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် ဆေးရုံနှင့် ဆေးခန်းများတွင် ဆေးကုသမှုခံယူခွင့်နှင့် ဆေးကုသရာတွင် အထောက်အကူပြုနိုင်ရန် ရောဂါရှာဖွေစမ်းသပ် စစ်ဆေးမှု ခံယူခွင့်ရှိသည်။

(ခ) လူမှုဖူလုံရေးဆေးရုံများတွင် ဆေးကုသမှုခံယူပါက ဆေးကုသခြင်းနှင့်စပ်လျဉ်းသည့် ကုန်ကျစရိတ် များကို ဆေးဘက်ဆိုင်ရာအကြံပေးအဖွဲ့၏ အကြံပြုချက်ရယူ၍ လူမှုဖူလုံရေးအဖွဲ့က သတ်မှတ် သည့်အတိုင်း ခံစားခွင့်ရှိသည့်အပြင် အခမဲ့နေထိုင်စားသောက်ခွင့်နှင့် သူနာတင်ယာဉ်အသုံးပြုခွင့် ကိုလည်း ခံစားခွင့်ရှိသည်။

(ဂ) လူမှုဖူလုံရေးအဖွဲ့နှင့် သဘောတူစာချုပ် ချုပ်ဆိုထားသည့် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် ဆေးရုံ၊ ဆေးခန်းများတွင် ဆေးကုသမှုခံယူပါက ဆေးကုသခြင်းနှင့်စပ်လျဉ်းသည့် ကုန်ကျစရိတ်များကို ဆေးဘက်ဆိုင်ရာအကြံပေးအဖွဲ့၏ အကြံပြုချက်ရယူ၍ လူမှုဖူလုံရေးအဖွဲ့က သတ်မှတ်သည့် အတိုင်း ခံစားခွင့်ရှိသည်။

**မကျန်းမာမှုနှင့်ဆိုင်သည့် ဆေးကုသခွင့်ကာလ**

၇၁။ (က) နည်းဥပဒေခွဲ (ခ) နှင့် (ဂ) တို့တွင် ဖော်ပြရည်ညွှန်းထားသည့် အခြေအနေများမှတစ်ပါး အာမခံထားသူသည် ဆေးစတင်ကုသသည့်နေ့မှစ၍ အများဆုံး ရက်သတ္တပတ် ၂၆ ပတ်ထိ ဆေးကုသမှုခံယူခွင့်ရှိသည်။

(ခ) ဆေးကုသမှုခံစားခွင့်ကာလ ရက်သတ္တပတ် ၂၆ ပတ်အတွင်း မီးဖွားမှု သို့မဟုတ် အလုပ်တွင် ထိခိုက်မှုကြောင့် ဆေးကုသမှုခံယူရန် အခြေအနေပေါ်ပေါက်လာလျှင် အဆိုပါ ဆေးကုသမှု များကို မူလဆေးကုသမှုကာလနှင့် တစ်ဆက်တစ်စပ်တည်း ခံယူခွင့်ရှိသည်။

(ဂ) ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်ထားသည့် အမျိုးသားကျန်းမာရေးကို ထိခိုက်နိုင်သော ရောဂါများ၊ ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသော အရေးကြီးသည့် ရောဂါများ၊ ဆေးကုသမှုရပ်စဲလိုက်ခြင်းကြောင့် ကျန်းမာရေးအခြေအနေ ပိုမိုဆိုးရွားလာ နိုင်သော ရောဂါများအတွက် ဆေးကုသပေးနေသည့် အထူးကုဆရာဝန်ကြီး၏ ထောက်ခံချက်နှင့် ဆေးဘက်ဆိုင်ရာတာဝန်ခံအရာရှိ၏ ဆက်လက်ထောက်ခံတင်ပြချက်တို့အရ လူမှုဖူလုံရေး အဖွဲ့က အထူးကိစ္စတစ်ရပ်အဖြစ် ခွင့်ပြုချက်ဖြင့် အများဆုံးဆေးကုသခွင့်ရှိသော အချိန်ကာလကို ရက်သတ္တပတ် ၅၂ ပတ်အထိ သို့မဟုတ် လူမှုဖူလုံရေးအဖွဲ့က သတ်မှတ်ထားသောကာလ အပိုင်းအခြားအထိ ဆေးကုသမှုခံယူခွင့်ရှိသည်။

၇၂။ ရောဂါတစ်ခုတည်းကြောင့် ထပ်မံဖြစ်ပေါ်သည့် မကျန်းမာမှုသည် ပထမမကျန်းမာမှုအတွက် ဆေးကုသမှုကို ရပ်စဲပြီးနောက် -

(က) ရက်သတ္တပတ်ခြောက်ပတ်အတွင်း ထပ်မံဖြစ်ပေါ်လျှင် နည်းဥပဒေ ၇၁ နည်းဥပဒေခွဲ (က) တွင် သတ်မှတ်ထားသည့် ရက်သတ္တပတ် ၂၆ ပတ်အချိန်ကာလကို ရေတွက်ရန်အလို့ငှာ နောက်ထပ်ဖြစ်ပေါ်သော မကျန်းမာမှုသည် ယခင်ကဖြစ်ခဲ့သော မကျန်းမာမှုနှင့် တစ်ဆက်တည်းဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) ရက်သတ္တပတ်ခြောက်ပတ် ကုန်ဆုံးပြီးမှ မကျန်းမာမှုထပ်မံဖြစ်ပေါ်လျှင် ဆေးကုသခွင့်ရှိသည့် အချိန်ကာလကို အသစ်ထပ်မံရေတွက်ရမည်။

(ဂ) ရောဂါတစ်မျိုးအတွက် ဆေးကုသမှုခံယူနေစဉ် အာမခံထားသူ၌ အခြားရောဂါတစ်မျိုး ဖြစ်ပေါ်လာလျှင် ထိုအာမခံထားသူသည် အခြားရောဂါနှင့်စပ်လျဉ်း၍ နည်းဥပဒေ ၇၁ တွင် ဖော်ပြထားသည့် စည်းကမ်းချက်များအရ ဆေးကုသမှုကာလ အပိုင်းအခြားအသစ်အတွက် ဆေးကုသမှု ရရှိစေရမည်။

၇၃။ (က) အာမခံထားသူသည် မိမိသဘောအလျောက် အလုပ်မှ နုတ်ထွက်ခြင်းမဟုတ်ဘဲ အလုပ်ထုတ်ခံရခြင်းကြောင့်ဖြစ်စေ၊ အလုပ်အမြဲပိတ်သိမ်း၍ အလုပ်ရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ လုပ်ငန်းသဘောသဘာဝအရ ဝန်ထမ်းအင်အား လျှော့ချရန် လိုအပ်သည့် အခြေအနေကြောင့်ဖြစ်စေ ဥပဒေနှင့်အညီ အလုပ်ခွင်မှ အလုပ်လက်မဲ့ဖြစ်မှု ငွေကြေးအကျိုးခံစားခွင့်ကို ရထိုက်ခွင့်ရှိသည့် ကာလအတွင်း ဆေးကုသမှုခံယူခွင့်ရှိသည်။

(ခ) လူမှုဖူလုံရေးအဖွဲ့မှ အသိအမှတ်ပြုသည့်ဆရာဝန်သည် အလုပ်ခွင်မှ အလုပ်လက်မဲ့ဖြစ်သူအား နည်းဥပဒေခွဲ (က) ပါ ကာလထက်ကျော်လွန်၍ ဆက်လက်ဆေးကုသရန် လိုအပ်ပါက ဆေးဘက်ဆိုင်ရာတာဝန်ခံအရာရှိထံ တင်ပြ၍ ခွင့်ပြုချက်ရယူပြီး အလုပ်လက်မဲ့ကာလ ခြောက်လထက်မကျော်သောကာလအထိ ဆေးကုသမှုပေးနိုင်သည်။

**ဆေးကုသမှုအစီအစဉ်**

၇၄။ လူမှုဖူလုံရေးအဖွဲ့ကပေးသော ဆေးကုသမှုသည် သင့်တင့်လျောက်ပတ်သော ကုန်ကျစရိတ်နှင့် အကျိုးရှိပြီး ထိရောက်သောဆေးကုသမှု ဖြစ်ရမည်။

၇၅။ (က) အာမခံထားသူသည် မကျန်းမာ၍ ဆေးကုသမှုခံယူလိုပါက သက်ဆိုင်ရာလူမှုဖူလုံရေးရုံးက ထုတ်ပေးထားသည့် လူမှုဖူလုံရေးအာမခံစိစစ်ရေးကတ်ပြားကို ယူဆောင်လျက် လူမှုဖူလုံရေး ဆေးခန်းများ၊ လူမှုဖူလုံရေးဆေးရုံကြီးများနှင့် လူမှုဖူလုံရေးအဖွဲ့နှင့် စာချုပ်ချုပ်ဆိုထားသော ဆေးရုံ၊ ဆေးခန်းများသို့ သွားရောက်ပြသ၍ ဆေးကုသမှုခံယူနိုင်သည်။

(ခ) လူမှုဖူလုံရေးဆေးခန်းများ၊ လူမှုဖူလုံရေးဆေးရုံကြီးများနှင့် လူမှုဖူလုံရေးအဖွဲ့နှင့် စာချုပ်ချုပ်ဆိုထားသော ဆေးရုံ၊ ဆေးခန်းများသည် အာမခံထားသူက လူမှုဖူလုံရေး အာမခံစိစစ်ရေးကတ်ပြားကို တင်ပြလျှင် နည်းဥပဒေ ၆၈၊ နည်းဥပဒေခွဲ (က) နှင့်အညီ စိစစ်ပြီး ဆေးကုသမှု ပေးရမည်။ အာမခံထားသူမှာ လူမှုဖူလုံရေးအာမခံစိစစ်ရေးကတ်ပြားမရရှိသေးသူ သို့မဟုတ် အာမခံစိစစ်ရေးကတ်ပြားရရှိပြီးဖြစ်သော်လည်း ပျောက်ဆုံးသွားသူဖြစ်လျှင် အလုပ်ရှင် သို့မဟုတ် အာမခံထားသူက လူမှုဖူလုံရေးအာမခံစိစစ်ရေးအမှတ်ကိုဖြစ်စေ၊ အမည်၊ ဖခင်အမည်၊ နိုင်ငံသားစိစစ်ရေးအမှတ်၊ မွေးသက္ကရာဇ်တို့ကိုဖြစ်စေ မှန်ကန်စွာတင်ပြနိုင်ခြင်းကြောင့် ဆေးရုံ၊ ဆေးခန်းများရှိ ကွန်ပျူတာမှတ်တမ်းများနှင့် တိုက်ဆိုင်စစ်ဆေး၍ဖြစ်စေ၊ သက်ဆိုင်ရာ လူမှုဖူလုံရေးရုံးခွဲ သို့မဟုတ် လူမှုဖူလုံရေးရုံးချုပ်သို့ မေးမြန်း၍ဖြစ်စေ အာမခံထားသူ ဖြစ်ကြောင်း အတည်ပြုနိုင်ပါက ဆေးကုသမှုပေးနိုင်သည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ စစ်ဆေးအတည်ပြုရန် ဆောင်ရွက်နေစဉ်ကာလအတွင်း ထိုမကျန်းမာသူအား အရေးပေါ် ကုသမှုကို ဆောင်ရွက်ပေးရမည်။

(ဃ) တစ်ဆက်တည်းဖြစ်သောမကျန်းမာမှုတွင် ဆေးကုသမှုဆက်လက်ပေးရန် လိုအပ်ပါက အာမခံထားသူထံမှ နည်းဥပဒေခွဲ (က) ပါ အထောက်အထားများ တောင်းခံရန်မလို။

၇၆။ အာမခံထားသူကို ယေဘုယျအားဖြင့် နည်းဥပဒေ ၆၉ နည်းဥပဒေခွဲ (ဂ) အရ သတ်မှတ်ပေးထားသော ဆေးခန်းများတွင် ပြင်ပလူနာအဖြစ် ဆေးကုသပေးပြီး မကျန်းမာမှုအခြေအနေကြောင့်ဖြစ်စေ၊ အရေးကြီးသောအခြေအနေကြောင့်ဖြစ်စေ လိုအပ်ပါက လူမှုဖူလုံရေးဆေးရုံကြီးများသို့ စေလွှတ်၍ အတွင်းလူနာအဖြစ် ကုသပေးရမည်။

၇၇။ လူမှုဖူလုံရေးအဖွဲ့က အသိအမှတ်ပြုသည့်ဆရာဝန်သည် မကျန်းမာသောအာမခံထားသူအား လိုအပ်သော စမ်းသပ်စစ်ဆေးမှုများပြုလုပ်ပြီး -

(က) ဆေးနှင့်ဆေးညွှန်းများ ပေးရမည့်အပြင် လိုအပ်ပါက အထူးကုဆရာဝန်ကြီးများနှင့် ပြသရန်ဖြစ်စေ၊ ဆေးရုံတက်ရောက်၍ ကုသမှုခံယူရန်ဖြစ်စေ ညွှန်ကြားနိုင်သည်။

(ခ) အလုပ်လုပ်ကိုင်နိုင်ခြင်း ရှိ မရှိကို ဆုံးဖြတ်ရမည်။

(ဂ) အလုပ်လုပ်ကိုင်နိုင်ခြင်းမရှိဟု ယူဆပါက အလုပ်ခွင်မှ အနားယူရန်နှင့် မကျန်းမာမှုနှင့်ဆိုင်သည့် ငွေကြေးအကျိုးခံစားခွင့်များ ခံစားနိုင်ရန်အတွက် မကျန်းမာမှုနှင့်ဆိုင်သည့် ဆေးသက်သေခံလက်မှတ် (ဆ-၁) ကို ထုတ်ပေးရမည်။

၇၈။ လူမှုဖူလုံရေးအဖွဲ့က အသိအမှတ်ပြုသည့်ဆရာဝန်သည် -

(က) အာမခံထားသူ၏ ကျန်းမာရေးအခြေအနေအရ ဆေးရုံတက်ရောက်ကုသရန် လိုအပ်လျှင် လူမှုဖူလုံရေးအဖွဲ့ပိုင် ဆေးရုံတွင်ဖြစ်စေ၊ ထိုသူ၏ဆန္ဒအရ လူမှုဖူလုံရေးအဖွဲ့နှင့် သဘောတူစာချုပ်ချုပ်ဆိုထားသည့် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်ဆေးရုံတွင်ဖြစ်စေ အတွင်းလူနာအဖြစ် တက်ရောက်ကုသနိုင်ရန် စီစဉ်ပေးရမည်။

(ခ) အောက်ပါအခြေအနေများတွင် အာမခံထားသူ၏ သဘောတူညီချက်ရယူရန်မလိုဘဲ ထိုသူအားဆေးရုံတွင် အတွင်းလူနာအဖြစ် ကုသမှုခံယူရန် စေလွှတ်နိုင်သည် -

(၁) အာမခံထားသူ၌ ကူးစက်တတ်သောရောဂါဖြစ်နေခြင်း၊

(၂) ထိုသူ၏ မကျန်းမာမှုအခြေအနေသည် အခြားနည်းဖြင့် ပြုစုကုသရန်မဖြစ်နိုင်ခြင်း သို့မဟုတ် အဆက်မပြတ်ပြုစုကုသရန် လိုအပ်ခြင်း၊

(၃) ထိုမကျန်းမာသူသည် ဆရာဝန်၏ ဆေးကုသမှုဆိုင်ရာညွှန်ကြားချက်များကို လိုက်နာရန် အကြိမ်ကြိမ်ပျက်ကွက်ခြင်း။

၇၉။ လူမှုဖူလုံရေးအဖွဲ့က အသိအမှတ်ပြုသည့် ဆရာဝန်ကထုတ်ပေးသော မကျန်းမာမှုနှင့်ဆိုင်သည့် ဆေးသက်သေခံလက်မှတ် (ဆ-၁) တွင် အလုပ်လုပ်နိုင်မည်မဟုတ်ဟု ထင်မြင်ယူဆသည့် ကာလအပိုင်းအခြားကို သတ်မှတ်ခြင်း၊ အာမခံထားသူအား ပြန်လည်အလုပ်လုပ်နိုင်ခြင်း ရှိ မရှိကို ထပ်မံစစ်ဆေးရမည့် နေ့ရက်သတ်မှတ်ခြင်း၊ ထိုသူလုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်နိုင်မည့်နေ့ရက် သတ်မှတ်ခြင်းတို့ ပါဝင်ရမည်။

**ဆေးဘက်ဆိုင်ရာမှတ်တမ်းများ**

၈၀။ အာမခံထားသူ၏ ဆေးကုသမှုနှင့်သက်ဆိုင်သည့်မှတ်တမ်း (ဆ-၅) ကို ထိုသူ ဆေးကုသမှုခံယူရာ လူမှုဖူလုံရေးဆေးခန်း၌ စနစ်တကျသိမ်းဆည်းထားရမည်။ အဆိုပါမှတ်တမ်း (ဆ-၅) တွင် အထူးသဖြင့် အောက်ပါအချက်များ ပါဝင်ရမည် -

(က) ဆေးခန်းသို့လာရောက်သည့် ရက်စွဲနှင့်အကြိမ်ပေါင်း၊

(ခ) မတည့်သောဆေးအမျိုးအမည်၊

(ဂ) စမ်းသပ်တွေ့ရှိမှုအခြေအနေအကျဉ်းချုပ်၊

(ဃ) ဆေးရုံတွင် ဆေးကုသမှုခံယူခဲ့သည့် မှတ်တမ်းအကျဉ်းချုပ်၊

(င) ရောဂါအမျိုးအမည်၊

(စ) ညွှန်ကြားသော ဆေးအမျိုးအမည်နှင့် ဆေးညွှန်းများ၊

(ဆ) ဆေးကုသမှုဆိုင်ရာညွှန်ကြားချက်များ၊

(ဇ) ထိုသူအား ထုတ်ပေးထားသည့် မကျန်းမာမှု၊ မီးဖွားမှုနှင့် အလုပ်တွင် ထိခိုက်မှုတို့နှင့်စပ်လျဉ်းသည့် ဆေးသက်သေခံလက်မှတ်မှတ်တမ်းများ၊

(ဈ) ရောဂါရှာဖွေစမ်းသပ်ခြင်း၊ ဆေးကုသခြင်းတို့အတွက် ဆေးဖိုး၊ ခရီးစရိတ် စသည် ပြန်လည်ပေးအပ်ခဲ့သည့် ကုန်ကျစရိတ်မှတ်တမ်းများ။

**ဆေးကုသမှုကုန်ကျစရိတ် ကျခံသုံးစွဲခြင်း**

၈၁။ (က) အာမခံထားသူသည် မကျန်းမာသည့်အခါ -

(၁) လူမှုဖူလုံရေးဆေးရုံ၊ ဆေးခန်းများတွင် ဆေးကုသမှုခံယူခွင့်ရှိပြီး လူမှုဖူလုံရေးအဖွဲ့က သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုသော ဆေးကုသမှုကုန်ကျစရိတ်များကို ခံစားခွင့်ရှိသည်။

(၂) လူမှုဖူလုံရေးအဖွဲ့နှင့် စာချုပ်ချုပ်ဆိုထားသည့် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် ဆေးရုံ၊ ဆေးခန်းများတွင် ဆေးကုသမှုခံယူခွင့်ရှိပြီး ဆေးကုသမှုစရိတ်များကို စာချုပ်ပါ သတ်မှတ်ချက်များနှင့်အညီ အဆိုပါ ဆေးရုံ၊ ဆေးခန်းများမှ စိုက်ထုတ်သုံးစွဲရမည်။

(ခ) လူမှုဖူလုံရေးအဖွဲ့သည် နာတာရှည်ရောဂါများအတွက် ဆေးကုသမှုကုန်ကျစရိတ်ကို ဆေးဘက်ဆိုင်ရာ အကြံပေးအဖွဲ့၏ ထောက်ခံချက်နှင့်အညီ အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်နိုင်သည်။

၈၂။ လူမှုဖူလုံရေးအဖွဲ့နှင့် စာချုပ်ချုပ်ဆိုထားသည့် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် ဆေးရုံ၊ ဆေးခန်း၊ ဆေးဆိုင်များသည် နည်းဥပဒေ ၈၁ နည်းဥပဒေခွဲ (က)၊ နည်းဥပဒေခွဲငယ် (၂) ပါ စိုက်ထုတ်သုံးစွဲထားသော ရောဂါရှာဖွေခြင်း၊ ဆေးနှင့်ဆေးပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်ခတို့အတွက် ကုန်ကျစရိတ်များကို လူမှုဖူလုံရေးအဖွဲ့မှ သတ်မှတ်ထားသည့် နှုန်းထားအတိုင်း စာချုပ်ပါသတ်မှတ်ချက်များနှင့်အညီ လူမှုဖူလုံရေးရုံးချုပ်သို့ တောင်းခံနိုင်သည်။

၈၃။ (က) နည်းဥပဒေ ၈၂ အရ တင်ပြတောင်းခံလာသော ဆေးကုသမှုကုန်ကျစရိတ်များကို လူမှုဖူလုံရေးအဖွဲ့က သတ်မှတ်ထားသော ကုန်ကျစရိတ်စံနှုန်းနှင့် ညီ မညီ ဆေးဘက်ဆိုင်ရာ တာဝန်ခံအရာရှိမှ စိစစ်ပြီး ညွှန်ကြားရေးမှူးချုပ်ထံသို့ တင်ပြရမည်။

(ခ) ညွှန်ကြားရေးမှူးချုပ်သည် နည်းဥပဒေခွဲ (က) အရ တင်ပြလာသော ဆေးကုသမှုကုန်ကျစရိတ်များကို စိစစ်ပြီး ခွင့်ပြုနိုင်သည်။ ထို့ပြင် လိုအပ်ပါက ဆေးဘက်ဆိုင်ရာအကြံပေးအဖွဲ့၏ အကြံပြုချက်ကို တောင်းခံပြီး ခွင့်ပြုနိုင်သည်။

၈၄။ လူမှုဖူလုံရေးအဖွဲ့သည် အာမခံထားသူ၏ မကျန်းမာမှုကြောင့်ဖြစ်သော ကိုယ်လက်အင်္ဂါချို့ယွင်းမှုများအတွက် ပြန်လည်သန်စွမ်းရေးဆိုင်ရာကုန်ကျစရိတ်များကို ဆေးဘက်ဆိုင်ရာအကြံပေးအဖွဲ့၏ အကြံပြုချက်အရ စံနှုန်းသတ်မှတ်ပြီး ခွင့်ပြုနိုင်သည်။

**ဆေးကုသမှုခရီးစရိတ်**

၈၅။ လူမှုဖူလုံရေးအဖွဲ့သည် အာမခံထားသူ၏ မကျန်းမာမှုကြောင့် ဆေးရုံတက်ရောက်ကုသမှုခံယူရန် သို့မဟုတ် အထူးကုဆရာဝန်ကြီးများနှင့်ပြသ၍ ကုသမှုခံယူရန်အတွက် ဒေသကျော်လွန်သွားလာရသည့် ခရီးစဉ်အတွက် ကုန်ကျစရိတ်ကို သင့်လျော်သောစံနှုန်းများ သတ်မှတ်၍ စိစစ်ပြီးခွင့်ပြုနိုင်သည်။

**သဘောတူစာချုပ် ချုပ်ဆို၍ ဆေးကုသပေးခြင်း**

၈၆။ (က) အလုပ်ရှင်သည် ဥပဒေစတင်အာဏာတည်သည့်နေ့ရက်တွင် မိမိ၏ အလုပ်သမားများနှင့် အလုပ်သမားမိသားစုများအတွက် သီးခြားအစီအစဉ်ဖြင့် ဆေးကုသမှုခံယူရန် စီမံထားရှိပါက အလုပ်သမားများ၏ သဘောတူညီချက်အရ ယင်းအစီအစဉ်ကို ဆက်လက်ကျင့်သုံးလိုလျှင် လူမှုဖူလုံရေးအဖွဲ့နှင့် ဆက်သွယ်၍ သဘောတူစာချုပ် ချုပ်ဆိုနိုင်သည်။

(ခ) လူမှုဖူလုံရေးအဖွဲ့သည် ဆေးကုသမှုအစီအစဉ်များကို သီးခြားအစီအစဉ်ဖြင့် စီမံထားရှိသည့် အလုပ်ရှင်များနှင့်ချုပ်ဆိုသော သဘောတူစာချုပ်များတွင် အောက်ပါအချက်များ ပါဝင်ရမည် -

(၁) လူမှုဖူလုံရေးအဖွဲ့က သတ်မှတ်ပြဋ္ဌာန်းထားသော ဆေးကုသမှု စံချိန်၊ စံညွှန်းများနှင့် ကိုက်ညီသည့် ဆေးကုသမှုအစီအစဉ်များ၊

(၂) လူမှုဖူလုံရေးဆေးကုသမှုလုပ်ငန်းနှင့် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရန်အလို့ငှာ အလုပ်ရှင်များက လိုက်နာရမည့် တာဝန်များ၊

(၃) လုပ်ငန်းဌာနဆေးခန်းများတွင် ထားရှိရမည့် ပုံစံများနှင့် မှတ်တမ်းများ၊

(၄) လူမှုဖူလုံရေးအဖွဲ့က ထုတ်ပြန်ထားသော ဆေးကုသမှုဆိုင်ရာညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်ကိစ္စများ၊

(၅) မကျန်းမာမှု၊ မီးဖွားမှု၊ အလုပ်တွင်ထိခိုက်မှု၊ နာရေးစရိတ်စသည့် ငွေကြေးအကျိုးခံစားခွင့်များ ပေးရန်အတွက် ဆေးသက်သေခံလက်မှတ် ထုတ်ပေးရေးနှင့်ဆိုင်သည့် စည်းကမ်းချက်များ၊

(၆) လူမှုဖူလုံရေးအဖွဲ့ သို့မဟုတ် ဆေးဘက်ဆိုင်ရာတာဝန်ခံအရာရှိက အခါအားလျော်စွာ သတ်မှတ်ပေးသည့် အခြားတာဝန်ဝတ္တရားများ။

(ဂ) လူမှုဖူလုံရေးအဖွဲ့နှင့် သဘောတူစာချုပ် ချုပ်ဆိုထားသည့် လုပ်ငန်းဌာနပိုင် ဆေးရုံ၊ ဆေးခန်းတာဝန်ခံဆရာဝန်များသည် မိမိတို့ဆေးကုသမှုနှင့်စပ်လျဉ်းသည့် ဆောင်ရွက်ချက်များကို လူမှုဖူလုံရေးရုံးချုပ် ဆေးဘက်ဆိုင်ရာတာဝန်ခံအရာရှိထံ သတ်မှတ်ထားသည့်ပုံစံများဖြင့် လစဉ်အစီရင်ခံရမည်။

(ဃ) နည်းဥပဒေခွဲ (ခ) တွင် ရည်ညွှန်းထားသည့် ဆေးကုသမှုအစီအစဉ်များကို ဆေးဘက်ဆိုင်ရာတာဝန်ခံအရာရှိကဖြစ်စေ၊ လူမှုဖူလုံရေးအဖွဲ့က တာဝန်ပေးသည့် ဆရာဝန်ကဖြစ်စေ စစ်ဆေးခြင်း၊ ညွှန်ကြားခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

(င) လူမှုဖူလုံရေးအဖွဲ့သည် မိမိထုတ်ပြန်သော ညွှန်ကြားချက်များနှင့် သဘောတူစာချုပ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိသော စာချုပ်ဆေးရုံ၊ ဆေးခန်းနှင့်ဆေးဆိုင်များကို စာချုပ်ဖောက်ဖျက်မှုဖြင့် အရေးယူခြင်း၊ စာချုပ်ကို ပယ်ဖျက်ခြင်းများ ပြုလုပ်နိုင်သည်။

၈၇။ လူမှုဖူလုံရေးအဖွဲ့သည် နည်းဥပဒေ ၈၆ အရ လူမှုဖူလုံရေးအဖွဲ့နှင့် သဘောတူစာချုပ်ချုပ်ဆိုထားသည့် လုပ်ငန်းဌာနပိုင် ဆေးရုံ၊ ဆေးခန်းများသို့ ဆေးထောက်ပံ့ခြင်းသော်လည်းကောင်း၊ ငွေကြေးသတ်မှတ်၍ ထောက်ပံ့ခြင်းသော်လည်းကောင်း ဆောင်ရွက်နိုင်သည်။

၈၈။ လူမှုဖူလုံရေးအဖွဲ့သည် နိုင်ငံပိုင်ဆေးရုံ၊ ဆေးခန်းနှင့်ဖြစ်စေ၊ ပုဂ္ဂလိကပိုင်ဆေးရုံ၊ ဆေးခန်းနှင့်ဖြစ်စေ သဘောတူစာချုပ် ချုပ်ဆိုရာတွင် အောက်ပါအချက်များ ပါဝင်ရမည် -

(က) လူမှုဖူလုံရေးအဖွဲ့က သတ်မှတ်ပြဋ္ဌာန်းထားသော ဆေးကုသမှု စံချိန်၊ စံညွှန်းများနှင့်ကိုက်ညီသည့် ဆေးကုသမှုအစီအစဉ်များ၊

(ခ) လူမှုဖူလုံရေးအဖွဲ့နှင့် သဘောတူစာချုပ် ချုပ်ဆိုသော ဆေးရုံ၊ ဆေးခန်းများက လိုက်နာရမည့် တာဝန်များ၊

(ဂ) ဆေးကုသစရိတ်စံနှုန်းများ၊

(ဃ) မကျန်းမာမှု၊ မီးဖွားမှု၊ အလုပ်တွင်ထိခိုက်မှု၊ နာရေးစရိတ် စသည့် ငွေကြေးအကျိုးခံစားခွင့်များ ပေးရန်အတွက် ဆေးသက်သေခံလက်မှတ် ထုတ်ပေးရေးနှင့်ဆိုင်သည့် စည်းကမ်းချက်များ၊

(င) ဆေးကုသမှုကုန်ကျစရိတ်များ ပြန်လည်ထုတ်ပေးရေးအစီအစဉ်များ။

**ကျန်းမာရေးဆိုင်ရာကြိုတင်ကာကွယ်မှုအစီအစဉ်များ**

၈၉။ (က) လူမှုဖူလုံရေးအဖွဲ့ပိုင် ဆေးရုံ ဆေးခန်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဆရာဝန်များသည် အာမခံထားသူတို့၏ ကျန်းမာရေးတိုးတက်ကောင်းမွန်စေရန် လုပ်ငန်းဌာနများသို့ ကွင်းဆင်း၍ ဆေးကုသပေးခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ကျန်းမာရေးနှင့်ပတ်သက်သော ကိစ္စများတွင် အကြံပေးခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊ လုပ်ငန်းခွင်ကျန်းမာရေးနှင့် ညီညွတ်အောင် လိုက်နာဆောင်ရွက်ရန် စစ်ဆေးကြပ်မတ်ခြင်းနှင့် တာဝန်ရှိသောဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း စသည်ဖြင့် ကျန်းမာရေးဆိုင်ရာကြိုတင်ကာကွယ်မှုအစီအစဉ်များကို ပြုလုပ်နိုင်သည်။

(ခ) လူမှုဖူလုံရေးအဖွဲ့သည် အာမခံထားသူတို့အား ကူးစက်ရောဂါများနှင့် အသက်အန္တရာယ်ရှိသော ရောဂါများမှ ကာကွယ်ကုသပေးရာတွင် ထိရောက်လျင်မြန်စွာဆောင်ရွက်ပေးနိုင်ရန်အတွက် ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

**အာမခံထားသူများ၏ ကျန်းမာရေးဆိုင်ရာအချက်အလက်များကို လျှို့ဝှက်ထားရေး**

၉၀။ အာမခံထားသူ၏ ကျန်းမာရေးနှင့်စပ်လျဉ်း၍ သိရှိရသော အကြောင်းအရာအားလုံးကို လူမှုဖူလုံရေးရုံးချုပ်က တာဝန်ပေးအပ်သော အရာရှိများ၊ ဆေးဘက်ဆိုင်ရာအကြံပေးအဖွဲ့ဝင်များနှင့် အယူခံခုံအဖွဲ့ဝင်များမှအပ အခြားမည်သူတစ်ဦးတစ်ယောက်မျှ ရောဂါနှင့်စပ်လျဉ်းသည့် အကြောင်းအရာများ၊ ဆေးဘက်ဆိုင်ရာ မှတ်တမ်းများကို ကြည့်ရှုခွင့်မပြုရ။

**ဆေးကုသမှုနှင့်စပ်လျဉ်း၍ အလုပ်ရှင်များ လိုက်နာရမည့် စည်းကမ်းချက်များ**

၉၁။ အလုပ်ရှင်သည် -

(က) မိမိလုပ်ငန်းဌာနမှ အာမခံအလုပ်သမား လုပ်ငန်းခွင်အတွင်း မကျန်းမာမှုကြောင့်ဖြစ်စေ၊ ကိုယ်ဝန်ဆောင်မှုကြောင့်ဖြစ်စေ၊ အလုပ်တွင်ထိခိုက်မှုကြောင့်ဖြစ်စေ ဆေးကုသမှုခံယူရန် လိုအပ်ပါက သက်ဆိုင်ရာလူမှုဖူလုံရေးဆေးရုံ၊ ဆေးခန်းသို့ဖြစ်စေ၊ လူမှုဖူလုံရေးအဖွဲ့နှင့် သဘောတူစာချုပ် ချုပ်ဆိုထားသည့် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် ဆေးရုံ၊ ဆေးခန်းသို့ဖြစ်စေ အလုပ်ချိန်အတွင်းစေလွှတ်၍ ဆေးကုသမှုခံယူနိုင်ရန် ခွင့်ပြုရမည့်အပြင် လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးရမည်။

(ခ) လူမှုဖူလုံရေးအဖွဲ့က အသိအမှတ်ပြုသည့် ဆရာဝန်က ဆေးသက်သေခံလက်မှတ်ဖြင့် အလုပ်ခွင်မှ အနားယူရန် ညွှန်ကြားခြင်းခံရသော အာမခံထားသူအား အလုပ်ခွင်တွင် တာဝန်ပေးစေခိုင်းခြင်း မပြုရ။

(ဂ) လူမှုဖူလုံရေးအဖွဲ့၏ အစီအစဉ်ဖြင့် ဆေးကုသမှုခံယူနေသော အာမခံအလုပ်သမားအား အဆိုပါ ကာလအတွင်း အလုပ်မှထုတ်ပယ်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ ရာထူးလျှော့ချခြင်း မပြုရ။ ထိုရည်ရွယ်ချက်ဖြင့် ပေးသော အကြောင်းကြားစာသည် တရားဝင်ခြင်းမရှိစေရ။

(ဃ) ဆေးကုသမှုခံယူပြီး အလုပ်ခွင်သို့ ပြန်လည်ဝင်ရောက်လာသော အာမခံအလုပ်သမား၏ ကျန်းမာရေး အခြေအနေအရ လူမှုဖူလုံရေးအဖွဲ့က အသိအမှတ်ပြုသည့် ဆရာဝန်၏ ထောက်ခံချက်နှင့်အညီ သင့်လျော်သော အလုပ်ကို တာဝန်ပေးရမည်။

**အာမခံထားသူတို့ လိုက်နာရမည့် စည်းကမ်းများ**

၉၂။ အာမခံထားသူသည် -

(က) မိမိကိုယ်မိမိ မကျန်းမာအောင် ရည်ရွယ်၍ တမင်မပြုလုပ်ရ။

(ခ) မကျန်းမာမှုဖြစ်လျှင် လူမှုဖူလုံရေးဆေးရုံ၊ ဆေးခန်း၌ဖြစ်စေ၊ လူမှုဖူလုံရေးအဖွဲ့နှင့် သဘောတူ စာချုပ် ချုပ်ဆိုထားသည့် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် ဆေးရုံ၊ ဆေးခန်း၌ဖြစ်စေ ဆေးကုသမှုကို ခံယူရမည်။

(ဂ) မိမိအား ကုသပေးသည့် ဆရာဝန်၏ ညွှန်ကြားချက်များကို လိုက်နာရမည်။

(ဃ) ဆေးကုသမှုခံယူနေစဉ်အတွင်း ရောဂါပျောက်ကင်းမှုကို နှောင့်နှေးစေရန် သို့မဟုတ် ထိခိုက်စေရန် မပြုလုပ်ရ။

(င) နည်းဥပဒေခွဲ (က) မှ (ဃ) ထိ ဖော်ပြထားသော စည်းကမ်းချက်တစ်ခုခုကို လိုက်နာရန် တမင် ပျက်ကွက်ပါက လူမှုဖူလုံရေးအဖွဲ့က ပေးသော ဆေးကုသမှုကို ရပ်ဆိုင်းခြင်းခံရမည်။

**ကိုယ်ဝန်ဆောင်မှု၊ မီးဖွားမှုနှင့်ဆိုင်သည့်ဆေးကုသမှု**

၉၃။ အာမခံထားသူ အမျိုးသမီးသည် ကိုယ်ဝန်ဆောင်မှု၊ မီးဖွားမှု သို့မဟုတ် ပြစ်ဒဏ်ထိုက်သင့်သော ကိုယ်ဝန်ပျက်စေခြင်း မဟုတ်သည့် ကိုယ်ဝန်ပျက်မှုကိစ္စများအတွက် နည်းဥပဒေ ၉၄ မှ ၉၈ အထိ သီးခြား ဖော်ပြထားသော ပြဋ္ဌာန်းချက်များအပြင် မကျန်းမာမှုနှင့်ဆိုင်သော ဆေးကုသမှုဆိုင်ရာ နည်းဥပဒေများတွင် ပါရှိသည့် ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း ခံစားခွင့်ရှိသည်။

၉၄။ အာမခံထားသူ အမျိုးသမီးသည် ကိုယ်ဝန်ဆောင်မှုနှင့် မီးဖွားမှု သို့မဟုတ် ကိုယ်ဝန်ပျက်မှုကိစ္စများ ပေါ်ပေါက်သည့်အခါ အောက်ပါအတိုင်း ဆေးကုသမှုခံယူခွင့်ရှိသည်-

(က) မိမိ၌ ကိုယ်ဝန်ရှိသည်ဟု ယူဆသည့်နေ့မှစ၍ သက်ဆိုင်ရာ လူမှုဖူလုံရေးဆေးခန်းသို့ဖြစ်စေ၊ လူမှုဖူလုံရေးဆေးရုံသို့ဖြစ်စေ၊ လူမှုဖူလုံရေးအဖွဲ့နှင့် စာချုပ်ချုပ်ဆိုထားသည့် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် ဆေးရုံ၊ ဆေးခန်းများသို့ဖြစ်စေ အကြောင်းကြား၍ ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု၊

(ခ) မီးမဖွားမီကာလအပိုင်းအခြားဖြင့် စစ်ဆေးကြည့်ရှုခြင်းနှင့် ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု၊

(ဂ) မီးဖွားမှု သို့မဟုတ် ကိုယ်ဝန်ပျက်မှုဖြစ်သည့်အခါ ဆေးကုသမှု၊

(ဃ) မီးဖွားပြီးနောက် သို့မဟုတ် ကိုယ်ဝန်ပျက်ပြီးနောက် လိုအပ်သည့် အချိန်ကာလအပိုင်းအခြား အတွက် ကြည့်ရှုပြုစုစောင့်ရှောက်မှု၊

(င) အာမခံထားသူ အမျိုးသမီး၏ မွေးကင်းစကလေးသည် မွေးဖွားပြီး တစ်နှစ်ထက်မပိုသောအချိန် ကာလအတွင်း နာမကျန်းဖြစ်ပါက ယင်းကလေးအား ဆေးကုသမှု။

**အာမခံထားသူ ကိုယ်ဝန်ဆောင်အမျိုးသမီး လိုက်နာရမည့်အချက်များ**

၉၅။ အာမခံထားသူ အမျိုးသမီးသည် -

(က) မီးမဖွားမီနှင့် မီးဖွားပြီးနောက် ကျန်းမာရေးစစ်ဆေးခြင်းကို ခံယူရမည်။

(ခ) ဆရာဝန်နှင့် ကျွမ်းကျင်သောသူနာပြုများ၏ ညွှန်ကြားချက်များကို လိုက်နာရမည်။

(ဂ) မီးဖွားခြင်းနှင့်ဆိုင်သည့်ပြုစုမှုကို နည်းဥပဒေ ၉၄၊ နည်းဥပဒေခွဲ (က) ပါ ဆေးရုံ၊ ဆေးခန်းများတွင် ခံယူနိုင်သည်။

(ဃ) မိမိအစီအစဉ်ဖြင့် မီးဖွားခဲ့ပြီး လူမှုဖူလုံရေးအကျိုးခံစားခွင့်များကို ရရှိခံစားလိုပါက သက်ဆိုင်ရာ လူမှုဖူလုံရေးဆေးခန်းသို့ ဆက်သွယ်ဆောင်ရွက်ရမည်။

**မီးဖွားမှုနှင့်ဆိုင်သည့် ဆေးသက်သေခံလက်မှတ် ထုတ်ပေးခြင်း**

၉၆။ (က) လူမှုဖူလုံရေးအဖွဲ့က အသိအမှတ်ပြုသည့် ဆရာဝန်သည် အာမခံထားသူ ကိုယ်ဝန်ဆောင် အမျိုးသမီးအား လိုအပ်သလို စစ်ဆေးစမ်းသပ်ပြီးနောက် မီးမဖွားမီ ရက်သတ္တပတ် ခြောက်ပတ်ကို မီးဖွားမှုဆေးသက်သေခံလက်မှတ် (ဆ-၂) ဖြင့် ထုတ်ပေးပြီး မီးဖွားမှုအခြေ အနေပေါ် မူတည်၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(၁) ကလေးတစ်ဦးကို ခန့်မှန်းရက်ထက်စောမွေးသဖြင့် မီးမဖွားမီ ရက်သတ္တပတ်ခြောက်ပတ်ထက် လျော့နည်း၍ခံစားရလျှင် မီးဖွားပြီးနောက် ရက်သတ္တပတ်ရှစ်ပတ်ကို မီးဖွားမှုဆေးသက်သေခံ လက်မှတ် (ဆ-၂) ဖြင့်လည်းကောင်း၊ စုစုပေါင်း ရက်သတ္တပတ် ၁၄ ပတ်ပြည့်ရန် လိုသော ကာလကို မကျန်းမာမှုဆေးသက်သေခံလက်မှတ် (ဆ-၁) ဖြင့်လည်းကောင်း ခွင့်ပြုရမည်။

(၂) ကလေးတစ်ဦးကို ခန့်မှန်းရက်ထက် နောက်ကျမွေးသဖြင့် မီးမဖွားမီ ရက်သတ္တပတ် ခြောက်ပတ်ထက် ပို၍ခံစားရလျှင် မီးဖွားမှုနှင့်ဆိုင်သည့်ခွင့် ရက်သတ္တပတ် ၁၄ ပတ်ပြည့်ရန် လိုသောကာလအတွက် မီးဖွားမှုဆေးသက်သေခံလက်မှတ် (ဆ-၂) ဖြင့်လည်းကောင်း၊ မီးဖွား ပြီးနောက် ရက်သတ္တပတ်ရှစ်ပတ်ပြည့်ရန် လိုသောကာလအတွက် မကျန်းမာမှုဆေးသက်သေခံ လက်မှတ် (ဆ-၁) ဖြင့်လည်းကောင်း ခွင့်ပြုရမည်။

(၃) အမြွှာကလေး အရှင်မွေးပါက ခန့်မှန်းရက်ထက်စောမွေးလျှင် မီးမဖွားမီ ရက်သတ္တပတ် ခြောက်ပတ်ထက်လျော့နည်း၍ ခံစားရသဖြင့် မီးဖွားပြီးနောက် ရက်သတ္တပတ် ၁၂ ပတ်ကို မီးဖွားမှုဆေးသက်သေခံလက်မှတ် (ဆ-၂) ဖြင့်လည်းကောင်း၊ စုစုပေါင်း ရက်သတ္တပတ် ၁၈ ပတ်ပြည့်ရန် လိုသောကာလကို မကျန်းမာမှုဆေးသက်သေခံလက်မှတ် (ဆ-၁) ဖြင့် လည်းကောင်း ခွင့်ပြုရမည်။

(၄) အမြွှာကလေး အရှင်မွေးပါက ခန့်မှန်းရက်ထက် နောက်ကျမွေးလျှင် မီးမဖွားမီရက်သတ္တပတ် ခြောက်ပတ်ထက်ပို၍ ခံစားရသဖြင့် မီးဖွားမှုနှင့်ဆိုင်သည့်ခွင့်ရက်သတ္တပတ် ၁၈ ပတ်ပြည့်ရန် လိုသောကာလအတွက် မီးဖွားမှုဆေးသက်သေခံလက်မှတ် (ဆ-၂) ဖြင့်လည်းကောင်း၊ မီးဖွားပြီးနောက် ရက်သတ္တပတ် ၁၂ ပတ်ပြည့်ရန် လိုသောကာလအတွက် မကျန်းမာမှု ဆေးသက်သေခံလက်မှတ် (ဆ-၁) ဖြင့်လည်းကောင်း ခွင့်ပြုရမည်။

(ခ) အမြွှာကလေးမွေးသော်လည်း အရှင်မွေးကလေးတစ်ဦးတည်းသာဖြစ်ပါက နည်းဥပဒေခွဲ (က)၊ နည်းဥပဒေခွဲငယ် (၁) သို့မဟုတ် နည်းဥပဒေခွဲငယ် (၂) ပါအတိုင်း ခွင့်ပြုရမည်။

(ဂ) လူမှုဖူလုံရေးအဖွဲ့က အသိအမှတ်ပြုသည့် ဆရာဝန်သည် အာမခံထားသူ အမျိုးသမီး၏ ပြစ်ဒဏ်ထိုက်သင့်သည့် ကိုယ်ဝန်ပျက်စေခြင်းမဟုတ်သော ကိုယ်ဝန်ပျက်မှုအတွက် အများဆုံး ရက်သတ္တပတ်ခြောက်ပတ်အထိ မီးဖွားမှုနှင့်ဆိုင်သည့် ဆေးသက်သေခံလက်မှတ် (ဆ-၂) ကို ထုတ်ပေးရမည်။

(ဃ) အာမခံထားသူသည် မည်သည့်နေ့ရက်တွင် မွေးဖွားကြောင်းကို ထိုသူမီးဖွားခဲ့သော ဆေးရုံ၊ ဆေးခန်းကဖြစ်စေ၊ ကျန်းမာရေးဦးစီးဌာနကဖြစ်စေ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းက ဖြစ်စေ ထုတ်ပေးသည့် မီးဖွားကြောင်း ခိုင်လုံသောသက်သေအထောက်အထား တင်ပြရမည်။

**တစ်နှစ်အောက်ကလေးမွေးစားမှု**

၉၇။ (က) အာမခံထားသူ အမျိုးသမီးသည် တစ်နှစ်အောက်ကလေးကို မွေးစားပါက အောက်ပါတို့ကို တင်ပြရမည် -

(၁) တည်ဆဲဥပဒေနှင့်အညီ မှတ်ပုံတင်၍ မွေးစားကြောင်း စာချုပ်၊ စာတမ်းအထောက်အထား၊

(၂) မွေးစားကလေး၏ အသက်နှင့်ပတ်သက်၍ တစ်နှစ်မပြည့်သေးကြောင်း ခိုင်လုံသော အထောက်အထား သို့မဟုတ် ကျွမ်းကျင်သူဆရာဝန်၏ စစ်ဆေးထောက်ခံချက်။

